## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၀)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ်သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၁၆ ကော်လံ ၃** ☆


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး ဖိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
STARMART Nine Mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်)

# ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

လူသားတိုင်းအတွက် မရှိမဖြစ်အလိုအပ်ဆုံးအရာမှာ အသက်ရှင်သန်နေထိုင်နိုင်ရေးဖြစ်သည်။ အသက်ရှင်သန်နေထိုင်ရေးအတွက် ကျန်းမာရေးကောင်းမွန်မှုသည် ပထမဦးစားပေးအချက်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ အရာရာကိုလုပ်ကိုင်နိုင်စွမ်းရှိမည်ဖြစ်သည်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားတိုင်းသည် ကျန်းမာအောင်နေပါ၊ သန်စွမ်းအောင်လေ့ကျင့်ပါဆိုသည့်အတိုင်း နေထိုင်ကြသည့်အခါ ကျန်းမာရေးချို့ယွင်းမှုမှာပြောပလောက်အောင်မရှိပေ။ ကျန်းမာရေးကောင်းမွန်နေ၍လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေနိုင်ခြင်းဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထုအတွက် အမိကဖွဲ့စည်းပေးထားသည့်အဖွဲ့အစည်းဖြစ်ပေရာ ပြည်သူလူထု၏ကောင်းကျိုးမှန်သမျှကိုဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုအတွက် အရေးကြီးလှသည့်ကျန်းမာရေးစောင့်ရှောက်မှုကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများကျန်းမာရေးအတွက် နီးစပ်ရာတပ်မတော်ဆေးရုံများတွင် ကုသခွင့်ပေးထားသကဲ့သို့ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်လှည့်ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သွားလာရေးခက်ခဲလှသောရေလမ်းခရီးရှိမြို့ရွာများသို့လည်း တပ်မတော်ရေယာဉ်များဖြင့် လှည့်လည်ကုသမှုပြုလျက်ရှိသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်မှာ နှစ်စဉ်နှစ်တိုင်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ထိုသို့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်က တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးမြစ်ကြောင်းတစ်လျှောက်သို့လည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တို့သို့လည်းကောင်း သွား၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရန်ကုန်မြို့မှထွက်ခွာသွားကြသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်သည်။ (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။ ယခုခရီးစဉ်တွင် ဇန်နဝါရီလ ၂၀ ရက်အထိ ကလေးသုံးဦးထပ်မံမွေးဖွားပေးနိုင်ခဲ့ရာ စုစုပေါင်း ၃၁ ဦးရှိပြီဖြစ်သည်။ အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်သည်။ (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါတပ်မတော်အထူးကုဆေးအဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်၌ လူနာ ၃၀ ဦးအထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ပေါ်၌ လူနာ၂၅ ဦးအထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့်အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိသည်။

တပ်မတော်သည် ပြည်သူများအသက်ရှည်ကျန်းမာချမ်းသာစွာနေနိုင်ရေးအတွက် ယခုကဲ့သို့အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပြုခြင်းဖြစ်သည်။ နယ်လှည့်အထူးကုဆေးအဖွဲ့ဝင်များအနေဖြင့် မိမိတို့အသီးသီးတတ်ကျွမ်းထားသောပညာရပ်များဖြင့် မိဘပြည်သူများအား မေတ္တာနှင့်စေတနာပါသောစိတ်ထားကောင်းဖြင့် ပြုစုကုသပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူကြသော ပြည်သူများ၏ရင်တွင်းစကားသံများကိုလည်း ကြည်နူးချမ်းမြေ့စွာကြားသိရသည်မှာ တပ်မတော်နှင့်ပြည်သူ ချစ်ကြည်ဖြိုလျက်ရှိခြင်း၏သက်သေများပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




# နိုင်ငံ့ဝန်ထမ်းမိသားစုများနှင့်အငြိမ်းစားဝန်ထမ်းမိသားစုများအား အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေး

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းမိသားစုများနှင့် အငြိမ်းစားဝန်ထမ်းမိသားစုများအား အခြေခံစားသုံးကုန်များကို အပတ်စဉ်အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဈေးနှုန်းသက်သာစွာ လှည့်လည်ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အပတ်စဉ်အင်္ဂါနေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သင်တန်းကျောင်းများသို့လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် နိုင်ငံ့ဝန်ထမ်းမိသားစုများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ သောကြာနေ့တွင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိဥဿာပြည်သူ့အငှားအိမ်ရာ၌ နေထိုင်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်းကောင်း အခြေခံစားသုံးကုန်များ၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့မဈေးကြီးများအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်အရ နေ့စဉ် ဒေသခံပြည်သူများအနေဖြင့် ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၈ မြို့နယ်မှ ထွက်ရှိလာသည့် ဒေသထွက်စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာသုံးကိရိယာများကို တစ်နေရာတည်း ဝယ်ယူရောင်းချနိုင်ရေးအတွက် ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ နတ်တလင်း၊ သာယာဝတီ စသည့်ခရိုင်မြို့ကြီးများ၌ MSME အရောင်းစင်တာများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ဝဝ၃၇၈/ဝဝ၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သမဝါယမကုန်ထုတ်အသင်းများမှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်းများကို ဈေးကွက်အတွင်း လူကြိုက်များလာ



မန္တလေး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လုပ်ကိုင်ဆောင်ရွက်နေသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှု စသည့်လုပ်ငန်းများအနက် သမဝါယမကုန်ထုတ်အသင်းများမှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်းများကို ဈေးကွက်အတွင်း လူကြိုက်များလာကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်းများကို ဈေးကွက်အတွင်း ကြိုက်နှစ်သက်မှုများပြီး အထူးသဖြင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ဆင်ရုပ်၊ မြင်းရုပ် စသည့်ပန်းပုရုပ်များကို အများဆုံးမှာယူမှုရှိကြောင်း သိရသည်။

"သမဝါယမကုန်ထုတ်အသင်းတွေက ထုတ်လုပ်ရောင်းချတဲ့ မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်းတွေက ဈေးနှုန်းအနေနဲ့ အပြင်ဆိုင်တွေမှာထက် ထက်ဝက်ကျော်လောက်လျှော့ချပြီးတော့ အများပြည်သူသုံးစွဲနိုင်စေဖို့ရည်ရွယ်ချက်နဲ့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးနေတာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးကပြောသည်။

ယခုအခါ အိမ်ရှင်မများအကြိုက် အသုံးအဆောင်ပစ္စည်းများဖြစ်သော သစ်သားဖြင့်ပြုလုပ်ထားသည့် စဉ်းတီတုံး၊ ဇရက်ဆုံ၊ ယောက်မ၊ အိုးခွက်ပန်းကန်၊ သွားကြားထိုးတံခွက်၊ ရေနွေးကရားနှင့် ရေနွေးခွက် စသည်တို့ကို ဈေးကွက်အတွင်း ပိုမိုရောင်းချနေရပြီး ဧည့်ခန်းအလှဆင်ပစ္စည်းများဖြစ်သော ဆွမ်းအုပ်၊ ဆင်ရုပ်၊ မြင်းရုပ် စသည့်ပန်းပုရုပ်များကိုလည်း မှာယူကြကြောင်း သိရသည်။

အဆိုပါ သမဝါယမကုန်ထုတ်အသင်းများမှထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်း အမျိုးအစားပေါင်း ၇၀ ကျော်ရှိပြီး ထိုပစ္စည်းများကို မန္တလေးမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများရှိ ကုန်ထုတ်သမဝါယမအသင်းများထံ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်သကဲ့သို့ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အရှေ့ဘက်မုခ်အနီးရှိ ရတနာဘူတပြခန်း၌လည်း စိတ်ကြိုက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

ဆောင်းဦး

---

# ဓနုဖြူမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများ သီးနှံဝင်ငွေရရှိနေ

ဓနုဖြူ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများ သီးနှံဝင်ငွေရရှိနေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညို၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးကွက်၌ ယခုလဒုတိယပတ်မှစ၍ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၁၅၀ မှ ၃၅၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။

''ဓနုဖြူမြို့နယ်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ တစ်ရက်ကို တိုင်ထောင်ပဲသီးပိဿာ ၃၅၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်''ဟု ဒေါ်ညိုက ပြောသည်။

ဓနုဖြူမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက်ရာသီကုန်ဟင်းသီးဟင်းရွက်များထွက်ပေါ်နေသည့်အချိန်ဖြစ်ကာ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာရောင်းချရသောကြောင့် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများရရှိနေကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

---

# ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ဇန်နဝါရီလ ၂၂ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမဉ္ဇူက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို အခြေခံ၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း၊ အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်များဖြစ်ပေါ်လာစေရန်၊ အသိပညာ ဗဟုသုတများကို အရင်းအနှီးပြု၍ ဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျောင်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါလာကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သိရှိလိုသည့်ဗဟုသုတများကို စာကြည့်တိုက်တွင် ရှာဖွေလေ့လာတတ်ပြီး စာကြည့်တိုက်၏အသုံးဝင်မှုကို အသုံးချတတ်လာလျှင် ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်သည့်အလေ့အကျင့်တိုးပွားလာကာ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စသည်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ သင်တန်းတက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား ဒဂုံ(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်လက်စွဲပါ အခြေခံစာကြည့်တိုက်ပညာဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၂၈၅)

မဝဏ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ရေးခေတ်အလုပ်သမားများ၏ အကျင့်

ကျွန်ုပ်မှာ အိမ်တွင် အလုပ်သမားများနှင့်အတူ 'လက်ပွန်းတတီး' နေရသူဖြစ်သည့်အလျောက် အလုပ်သမားများ၏ စိတ်နေသဘောထားနှင့် အလေ့အကျင့်များသည် တဖြည်းဖြည်း မသိမသာ ကူးစက်လျက်ရှိလေပြီ။ ၎င်းတို့သည် တစ်ယောက်ကိုတစ်ယောက် နှပ်လိုသော စိတ်ထားမျိုး အမြဲရှိကြ၍ ထူအသောလူများ ခံကြရသည်ချည်းဖြစ်၏။ တစ်ဦးတစ်ယောက်ဒုက္ခရောက်ခြင်းကို မြင်ရသည့်အခါ အားလုံးက ပျော်ရွှင်စွာရယ်မောတတ်ကြ၍ ထိုကဲ့သို့ ဒုက္ခရောက်စေခြင်း၌ အမျိုးမျိုးသောနည်းဖြင့် ကျီစားတတ်ကြ၏။ (Practical Joke) ဥပမာ တစ်ယောက်၏နေရာ၌ဖြစ်စေ၊ မီးသောတိုင်၌ဖြစ်စေ တွယ်အပ်မြှုပ်ထားခြင်း၊ သောက်သောလက်ဖက်ရည်ကြမ်း၌ ငရုတ်သီးမှုန့်ခတ်ထားခြင်း၊ လက်သွက်သော အလုပ်သမားတစ်ယောက်၏ လက်နက်ကိရိယာများကို (အလုပ်ဖင့်နှေးစေခြင်းငှာ) ဝှက်ထားခြင်းမှစ၍ နည်းအမျိုးမျိုးတီထွင်ကာ ရယ်ရအောင် ဖန်တီးထားတတ်ကြလေသည်။ အလုပ်သမားအချင်းချင်းသာ မဟုတ်။ အိမ်ရှေ့မှ လမ်းလျှောက်သွားသော ခရီးသည်များအားပင် 'နှပ်' တတ်ကြသေး၏။ မူးစေ့ သို့မဟုတ် မတ်စေ့တစ်စေ့ကို အိမ်ရှေ့တွင် မြေကြီးထဲ၌ မပေါ်တပေါ် မြှုပ်ထား၍ အလွယ်တကူ ကောက်ယူရန် မဖြစ်နိုင်စေခြင်းငှာ အောက်၌ တိုင်ငုတ်တူးပြီး ကော်နှင့်ကပ်ထား၏။ လမ်းသွားတစ်ယောက်သည် အိမ်ရှေ့မှလျှောက်သွားစဉ် မူးစေ့ကိုမြင်၍ ကုန်းကောက်လိုက်မိသဖြင့် ရုတ်တရက်ခွာမရဘဲ ရှိသည်တွင်မှ ဝါးခနဲ ဝိုင်း၍ရယ်လိုက်ကြသောအခါ ရှက်ကိုးရှက်ကန်းနှင့် ထွက်သွားရှာခြင်းမျိုးလည်း မြင်ရဖူးသည်။ ဤထက်ဆိုးသော နည်းမျိုးလည်းရှိသေး၏။ နံနက်စောစောကြီးအချိန်တွင် ပခုံးထမ်းသမားများသည် ဟင်းသီးဟင်းရွက်များကို တောင်းနှစ်ဖက်၌ အပြည့်အလျှံထည့်ကာ 'ကယ် ကယ် ကယ် ကယ်' နှင့် ဒရောမျောပါး ထမ်းပိုးသွားလာလေ့ရှိ၏။ 'ပခုံးထမ်း'တို့မည်သည်မှာ ဖိနပ်စီးရိုးထုံးစံမရှိဘဲ ခြေထောက်အတိုင်း အပြေးအလွှားသွားရစမြဲဖြစ်လေရာ အလုပ်သမားတစ်ယောက်သည် အိမ်ရှေ့လမ်းပေါ်တွင် တစ်လက်မခန့်ရှိသော ငုတ်တိုကလေးတစ်ချောင်းရိုက်ထား၏။ တချို့လည်း မြင်၍ ရှောင်ကွင်းသွားကြသော်လည်း တချို့မှာ သွားနေကျလမ်းဖြစ်၍ အမှတ်မဲ့ပင် စိတ်ချလက်ချသွားကြ၏။ တစ်ယောက်သောအထမ်းသမားသည် (ဆောင်းရာသီတွင်) မုန်လာဥ၊ မုန်လာထုပ် စသော ဟင်းသီးဟင်းရွက်များကို တောင်းနှစ်ဖက်တွင် အပြည့်အမောက်ထည့်လျက် အပြေးအလွှားထမ်းလာရာ ရိုက်ထားသောငုတ်ကို ခြေမနှင့်တိုက်မိ၍ ဒယီးဒယိုင်ဖြစ်သွားသည်တွင် ဖိနပ်အလုပ်သမားများသည် ဦးခေါင်းငုံ့ကာ ကျိတ်၍ရယ်ကြလေသည်။ ထိုသူသည် အထမ်းကိုချ၍ အလွန်မကျေနပ်သောမျက်နှာနှင့် အိမ်ဘက်သို့ လှမ်းကြည့်ရင်း ကွဲသွားသောခြေမကို နှိပ်နယ်ပေးရှာလေသည်။

### ညစ်စိတ် ကူးစက်ခြင်း

ဤစာကိုရေးသားသော ယခုအချိန်၌ပင် ကျွန်ုပ်သည် ထိုလူ၏မျက်နှာကို မြင်လျက်ရှိ၍ ရင်ထုမနာဖြစ်မိပါသည်။ သို့ရာတွင် ထိုစဉ်ကမူ မည်သို့ရှိသည် ထင်ကြသနည်း။ တခြားအလုပ်သမားများနည်းတူ ကျိတ်၍ရယ်မိပါသည်။ အဘယ်ကြောင့်နည်းဟူမူ ကျွန်ုပ်သည် အလုပ်သမားများနှင့် ရောထွေးယှက်တင်နေရသည်တွင် ၎င်းတို့၏စိတ်ဓာတ်များ ကူးစက်လျက်ရှိပါသောကြောင့်တည်း။ ဤသို့ဖြစ်ရခြင်းမှာ ရုတ်တရက် ချက်ချင်းမဟုတ်။ တဖြည်းဖြည်း တစ်စတစ်စ ပြောင်းလဲခြင်းဖြစ်၍ သူတစ်ပါးဒုက္ခရောက်ခြင်း၌ အရသာခံတတ်လာခြင်း ဖြစ်လေသည်။ 'အတုမြင် အတတ်သင်' ဟူသောစကားသည် အလွန်မှန်၏။ သို့ရာတွင် ဤအကြောင်းနှင့်ပတ်သက်၍ တင်ပြရန် တစ်ချက်ကျန်သေး၏။ ကျွန်ုပ်တို့၏နေအိမ်သို့ 'သဘာဝခေါင်းဆောင်' စိတ်ဓာတ်မျိုးရှိသော အလုပ်သမားတစ်ယောက်ရောက်လာရာ ထိုသူသည် တစ်လခန့်အတွင်းမှာပင် အိမ်ရှိ အလုပ်သမားများ၏ ခေါင်းဆောင်ကြီးဖြစ်လာ၏။ ကောင်းသောဘက်၌ဖြစ်စေ၊ ဆိုးသောဘက်၌ဖြစ်စေ ထိုသူလုပ်သမျှ လိုက်၍လုပ်ကြ၏။ ထိုသူ ဥပုသ်စောင့်လျှင် အားလုံးဥပုသ်စောင့်ချင်သောစိတ်ဖြစ်ပေါ်လာကြ၍ ထိုသူ ထန်းရည်သောက်လျှင်လည်း အနည်းဆုံး တစ်ပုလင်းစီ သောက်ကြလေတော့၏။ ကျွန်ုပ်၏ဖခင်သည် ထိုသူ့အကြောင်းကို ရိပ်မိလာသောအချိန်မှစ၍ ၎င်းအား ချော့၍ပေါင်းရ၏။ ကျွန်ုပ်မူကား အလုပ်သမားခေါင်းဆောင်တစ်ယောက်နှင့် ခင်မင်ရခြင်းကိုပင် အဟုတ်ကြီးထင်ကာ ဖြစ်သင့်သည်ထက် ပို၍ရင်းနှီးမိသည်တွင် ထိုသူ၏ 'ညစ်' စိတ်များသည် ကျွန်ုပ်သို့ အတော်ကြီး ကူးစက်လာခဲ့လေသည်။ 'ငုတ်ရိုက်ခြင်း' စသော အထက်ပါယုတ်မာမှုများမှာ ထိုသူ၏ တီထွင်မှုများဖြစ်၏။ ကျွန်ုပ်၏ အစ္ဈတ္တသန္တာန်၌ ယခုတိုင် ကိန်းအောင်းချင် ကိန်းအောင်းလျက်ရှိဦးမည့် ညစ်စိတ်ကလေးများသည် ထိုသူချထားခဲ့သည့် မျိုးစေ့ဖြစ်ရမည်ဟု ဆိုချင်သည်။ 'ကိန်းအောင်းချင် ကိန်းအောင်းလျက်ရှိဦးမည်' ဟူ၍ ဧကန်မဟုတ်သည့် အနေကန်သဘောမျိုးရေးသားခြင်းမှာ လူလားမြောက်လာသောအခါတွင် ကျွန်ုပ်သည် အနောက်တိုင်းမှ ကမ္ဘာကျော်ဝတ္ထုစာအုပ်ကြီး အမြောက်အမြားကို ဖတ်ရှုရသည်တွင်မှ ကိုယ့်ကိုယ်ကိုယ် ပြုပြင်တန်သလောက် ပြုပြင်ထားသည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။

> **"အလုပ်သမားခေါင်းဆောင်ထံမှ ကျွန်ုပ်သို့ ကူးစက်လာသည့် အကျင့်ဆိုးတစ်ခုမှာ လောင်းကစားခြင်းပင်ဖြစ်၏။ 'သူတစ်ပါးကို အဆိုးမချပါနှင့်၊ လူတွင်ပါလို့ နွားကို ကျားကိုက်သည်မဟုတ်လော'ဟု ဆိုကြလျှင်လည်း 'သူ့ကို အဆိုးချခြင်းမဟုတ်ရပါ၊ ကူးစက်ခြင်းကိုသာ တင်ပြခြင်းဖြစ်ပါသည်'ဟု ဖြေဆိုရပါမည်။ ဥပမာ မီးသွေးကိုကိုင်မိ၍ လက်မည်းခဲ့လျှင် မီးသွေး၏ အပြစ်မဟုတ်၊ ကိုင်မိသူ၏အပြစ်သာဖြစ်သည်ဟု နားလည်ပါသည် . . ."**

### လောင်းကစားနည်းအမျိုးမျိုး

အလုပ်သမားခေါင်းဆောင်ထံမှ ကျွန်ုပ်သို့ ကူးစက်လာသည့် အကျင့်ဆိုးတစ်ခုမှာ လောင်းကစားခြင်းပင်ဖြစ်၏။ 'သူတစ်ပါးကို အဆိုးမချပါနှင့်၊ လူတွင်ပါလို့ နွားကို ကျားကိုက်သည် မဟုတ်လော'ဟု ဆိုကြလျှင်လည်း 'သူ့ကို အဆိုးချခြင်းမဟုတ်ရပါ၊ ကူးစက်ခြင်းကိုသာ တင်ပြခြင်းဖြစ်ပါသည်'ဟု ဖြေဆိုရပါမည်။ ဥပမာ မီးသွေးကိုကိုင်မိ၍ လက်မည်းခဲ့လျှင် မီးသွေး၏ အပြစ်မဟုတ်၊ ကိုင်မိသူ၏ အပြစ်သာဖြစ်သည်ဟု နားလည်ပါသည်။ သို့ရာတွင် ငယ်ရွယ်နုနယ်သောအချိန်၌ မီးသွေးနှင့် ရောထွေးယှက်တင်ထားခံရခြင်းမှာ ကျွန်ုပ်၏ ကံမကောင်းခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စနေနှင့် တနင်္ဂနွေနေ့များတွင် ကျွန်ုပ်သည် အလုပ်သမားများ၏အလုပ်ခွင်၌ တစ်နေ့လုံး အချိန်ဖြုန်းတတ်၏။ (တခြားနည်းလမ်းလည်း မရှိချေ။) သူတို့၏ပြောနည်း၊ ဆိုနည်း၊ လိမ်နည်း၊ နှပ်နည်း၊ အချင်းချင်း 'ကိုက်နည်း'များသည် ကျွန်ုပ်အဖို့ နားရည်ဝလျက်ရှိ၍ ကျောင်းတွင် 'လူပါး' 'လူလည်' ကလေးတစ်ယောက်ဖြစ်လာ၏။ တချို့ကျောင်းသားကလေးများ မရယ်တတ်သောပြက်လုံးကို ကျွန်ုပ်ရယ်တတ်လေပြီ။ ဤသည်တို့ကား မဆိုးလှ။ ဤမျှမက ဆိုးသောအခြင်းအရာများလည်း ရှိသေး၏။ ဖခင်သည် နေ့တိုင်းဈေးချိုသို့သွား၍ ရောင်းပြီးသောဖိနပ်များအတွက် ငွေတောင်းခြင်း၊ သက္ကလတ်စသော ပစ္စည်းများဝယ်ယူခြင်း စသည်ဖြင့် ဆောင်ရွက်လေ့ရှိရာ ဖခင်ထွက်သွားသည်နှင့်တစ်ပြိုင်နက် မနီးမဝေးရှိ အိမ်ကြားသို့ တစ်ယောက်ချင်း ထသွား၍ 'မျောက်ပန်းလှန်'သော ကစားနည်းဖြင့် ကစားကြ၏။ အရှုံးအနိုင်မှာ တစ်ပဲခြောက်ပြားမျှသာ ဖြစ်သောကြောင့် ကျွန်ုပ်လည်း ပါဝင်နိုင်လေသည်။ ဤသို့ဖြင့် ဖခင် ပြန်လာခါနီးသည့်တိုင်အောင် လောင်းကစားကြ၏။ ထိုမှတစ်ဆင့် တက်လာသောအခါ အလုပ်ခွင်နှင့် မနီးမဝေးတွင်ထိုင်နေသော ဖခင်တစ်ယောက်လုံးရှိလျက်နှင့်ပင် အလုပ်တစ်ဖက်နှင့် လျှို့ဝှက်စွာ လောင်းကစားနည်းကို (ခေါင်းဆောင်က) တီထွင်ပြန်လေသည်။ ထိုနည်းမှာ တစ်ယောက်လျှင် ပိုက်ဆံတစ်ပြားစီထည့်ဝင်ပြီးနောက် တစ်ယောက်က ဖဝါးများကိုယူ၍ တစ်ခု၏ ကျောဘက်တွင်ခြစ်ပြီး မှောက်ခင်းထားလိုက်၏။ လူငါးယောက်ဆိုလျှင် 'ဖဝါး' ငါးခုအသုံးပြု၍ တစ်ခုတည်းကိုသာ ခြစ်မှတ်ရလေသည်။ ပိုက်ဆံထည့်သော အလုပ်သမားများသည် ကြိုက်ရာဖဝါးတစ်ခုကို လှန်ရလေရာ အခြစ်ပါသော ဖဝါးတစ်ခုကို လှန်မိသည့်လူသည် ပိုက်ဆံငါးပြားကို ယူရလေသည်။ ဖဝါးကို ခြစ်၍ မှောက်ရသောလူကမူ လှန်နိုင်ခွင့်မရှိ။ တခြားလူများ မလှန်ဘဲ ချန်ထားသော ဖဝါးသည် သူ့အတွက်ဖြစ်၍ ၎င်း၌အခြစ်ပါခဲ့လျှင် ပိုက်ဆံငါးပြားသည် သူ့ပစ္စည်းဖြစ်သွား၏။ မည်သူမဆို ဖဝါးခြစ်လိုက ခြစ်နိုင်ခွင့်ရှိသည်။ ဤနည်းကား ဖခင်ရှိလျက်နှင့် လောင်းကစားနိုင်သောနည်းပေတည်း။ တစ်နေ့လျှင် များများကြီးမဟုတ်၊ တစ်မူးဆယ်ပြားမျှ အနိုင်အရှုံးရှိတတ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆိုင်ရာသိကောင်းစရာများ အသိပညာပေးဟောပြော

စဉ့်ကိုင် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအနီးရှိ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ အဆင့်မြင့်ပညာဦးစီးဌာနမှူးကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၂ ရက်တွင် အဆိုပါတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကွန်ပျူတာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ စန်းစန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၉၂)မှ ဒုတိယရဲမှူး ထိန်လင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အကြောင်းအရာများကို ဟောပြောသည်။ ဆက်လက်၍ မူးယစ်ရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၈)မှ ရဲအုပ်စောနိုင်ထွေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများ၊ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်ဒဏ်ခံကျရမည့်ဥပဒေများ စသည့်အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာ စန်းစန်းတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဟောပြောဆွေးနွေးခဲ့သူများအား အမှတ်တရလက်ဆောင်များပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၁ / ၂၀၂၅ )ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁ / ၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူး ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု များ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက် လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ က ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (United Nations Office for the Coordination of Humanitarian Affairs–UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီး အကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အကူ အညီ လိုအပ်လျက်ရှိသော ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေး၊ ထိုသို့ပေးအပ်ရာတွင်အစိုးရ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ နားလည်မှု ရှိစွာ အတူတကွ ပူးပေါင်းဆောင်ရွက်ရေး နှင့် ၂၀၂၅ ခုနှစ်၌ ဆက်လက်ဆောင်ရွက် လျက်ရှိသော လူသားချင်းစာနာထောက် ထားမှုဆိုင်ရာတုံ့ပြန်မှုနှင့် လုပ်ငန်းစဉ် များ တိုးချဲ့နိုင်ရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၂

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ဆေးကုသရန်လာရောက်သည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးဝေစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဇန်နဝါရီလ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင်ကျိုက်လတ်မြို့နယ်၊ပတုတ်ကျေးရွာ၊အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၅ ဦး တို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၅ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၈၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၃ ဦး၊ မျက်စိခွဲစိတ်လူနာ ၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာသံလှိုင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၇ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကြောင်း သတင်းရရှိသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“ကျွန်မအသက်က ၇၇ နှစ် ရှိပါပြီ။ မျက်စိဝေလို့ လာပြတာပါ။ သွေးတိုးလည်းရှိလို့ လာပြတာပါရှင် မျက်စိခွဲစိတ်ကုပေးတယ်။ နား၊ နှာခေါင်း၊ လည်ချောင်းတွေလည်း ကုပေးပါတယ်။ ကလေးအထွေထွေ ရောဂါအတွက်လည်းကုပေးပါတယ်။ ကြက်ခြေနီတွေကလည်း တော်ပါတယ်။ တွဲခေါ်ပြီး လိုက်ပို့ပေးတာပါ။ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်။ အသက်ရာကျော်



ရှည်ကြပါစေ ဘုန်းကြီးကြပါစေဟု”ပြောသည်။

“အဘွား အခုမျက်လုံးခွဲထားတာ ခြောက်လရှိပါပြီ။ အဲ့ဒီခြောက်လရှိတဲ့ အခါမှာ အဘွားမျက်စပ်တွေနာလို့ အခု လာပြတာဖြစ်ပါတယ်။ ဆီးချိုလည်းရှိလို့ အဲ့တာလည်း ပြတာပါရှင့်။ နယ်လှည့်ဆေးကုသတဲ့ အဖွဲ့တွေ ရောက်မယ်ဆိုလို့ ကျေးရွာဥက္ကဋ္ဌက ကြေညာလို့ သိရပါတယ်။ ကိုယ့်မှာဖြစ်ပေါ်နေတဲ့ရောဂါဝေဒနာတွေကို



ကုသပေးတဲ့အတွက် ဆေးပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီသင်္ဘော ကြီးမှာလာပြတာ ပထမဦးဆုံးအကြိမ် လာပြတာဖြစ်ပါတယ်။ တစ်နှစ်ကို လေးငါးကြိမ်လောက် လာစေချင်တာပေါ့။ အားလုံးသော ဝေဒနာဖြစ်နေတဲ့ သူတွေက အခုလိုဆေးခန်းကြီးလာဖွင့်ပေးတာကို အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်ဟု”ပြောသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များရိုက်နှိပ်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဂျီတီစီပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် စာပေဗိမာန် ပုံနှိပ်စက်ရုံတို့မှ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသည့် ကျောင်းသုံးစာအုပ်များအပြင် ဝန်ကြီးဌာနအသီးသီးကလည်း ပုံနှိပ်ရန်အမှာစာများ ရရှိထားပြီးဖြစ်သဖြင့် လုပ်ငန်းများအားလုံး သတ်မှတ်ထားသည့်အချိန်ပြီးစီးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် စာပေဗိမာန် ပုံနှိပ်စက်ရုံဝင်းများအတွင်း ကျောင်းသုံးစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင်များ ပုံနှိပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေး၌ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရန် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း၊

အခမ်းအနားသို့ ပြည်သူချစ် သက်ကြီးအနုပညာရှင်များကို တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည့်အတွက် ၎င်းတို့၏ သွားလာရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးကိစ္စများကို ကူညီဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များကို အကြံပြုဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

(မဝ)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်သုံးနေရာခွဲ၍ကျင်းပပြီး ရန်ကုန်နှင့် မန္တလေးသင်တန်းများတွင် ကြီးကြပ်ရေးမှူး သင်တန်းသား ၅၂၆ ဦးနှင့် နေပြည်တော်တွင်ကျင်းပသည့် ယခုသင်တန်းတွင် သင်တန်းသား ၂၇၈ ဦး တက်ရောက်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံအဆင့်ကျင်းပသည့် စာမေးပွဲဖြစ်သည့်အတွက် စာမေးပွဲစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး ယခုလိုကြီးကြပ်ရေးမှူးသင်တန်းများကို နှစ်စဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ကြမည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် မိမိတာဝန်ကျရာ စာစစ်ဌာနများတွင် တရားမျှတပြီး မသမာမှုကင်းရှင်းသည့် စာမေးပွဲဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက Non-programmable Scientific Calculator များကို စာစစ်ဌာနများသို့လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက်တာဝန်ရှိသူများက စာမေးပွဲဆိုင်ရာလုပ်ငန်းများ၊ စာမေးပွဲဖြေဆိုခွင့်ဆိုင်ရာ လုပ်ငန်းများအခန်း(၁)၊ စာစစ်ဌာနလျာထားသတ်မှတ်ခြင်းနှင့် ကြီးကြပ်ရေးခန့်ထားခြင်းအခန်း (၂)(၃)၊ စာမေးပွဲကာလမေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များ အခန်း(၄)၊ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် ရုံးအဖွဲ့များဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အခန်း(၅)၊ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ ပြစ်ဒဏ်များအခန်း(၆)၊ ကြီးကြပ်ခ၊ အသေးသုံးစရိတ်ဆိုင်ရာလုပ်ငန်းများအခန်း(၇) တို့ကို သင်တန်းပို့ချခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသင်တန်းကို ဇန်နဝါရီလ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ လမ်းပြမြေပုံပါ မိမိတို့လုပ်ငန်းကော်မတီနှင့် သက်ဆိုင်သည့် မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များပြည့်မီစေရေးအတွက်လုပ်ငန်းစဉ်များကို သတ်မှတ်ကာလများအတွင်း အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာအပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုများမှ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒစ်ဂျစ်တယ်အတတ်ပညာများမြှင့်တင်ရေးတို့မှသည် ဦးစားပေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးနိုင်မည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာစေရေး အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့မှ ဒစ်ဂျစ်တယ်နည်းပညာနှင့် သက်ဆိုင်သူများအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသော လုပ်ငန်းကော်မတီဝင်ဌာနဆိုင်ရာများ၊ ပြင်ပအဖွဲ့အစည်းများဖြစ်ကြသော UMFCCI၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ တာဝန်ရှိသူများက လမ်းပြမြေပုံပါလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန်အချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဝက်ခြံနှင့် အရေပြားကျန်းမာရေး

"ဝက်ခြံထွက်လာတဲ့အခါ ဖုံးကွယ်ဖို့ မိတ်ကပ်နဲ့ အစိုဓာတ်ထိန်းခရင်မ်တွေ သုံးလို့ရပါတယ်။ ဒါပေမဲ့ မိတ်ကပ်က ချွေးပေါက်ပိတ်နိုင်ပါတယ်။ အရေပြားအစိုဓာတ်ထိန်းခရင်မ်က အာဟာရ (Nutrition)လည်း ဖြည့်စွက်ထားလို့ ပိုပြီး သင့်တော်ပါတယ်။ မိတ်ကပ်လိမ်းတဲ့အခါမှာလည်း ထူထူမလိမ်းဘဲ အသားထဲစိမ့်ဝင်သွားမယ့် လိုးရှင်း လိမ်းသလို လိမ်းပေးသင့်ပါတယ်။ ဝက်ခြံထွက်စဉ်မှာ တစ်နေကုန်ခံတဲ့မိတ်ကပ် မသုံးသင့်ပါဘူး။ Skincare ပါတဲ့မိတ်ကပ်မျိုးဆိုရင် ချွေးပေါက် သိပ်မပိတ်ပါဘူး။ အဆီသိပ်မထွက်လို့ လိမ်းလို့ ရပါတယ် . . ."

ဝက်ခြံထွက်ခြင်းကို လူတိုင်း ဆယ်ကျော်သက်အရွယ်မှာ စတင်ကြုံဖူးကြပါတယ်။ အဓိကအားဖြင့် ဟော်မုန်းပြောင်းလဲမှုကြောင့်ဖြစ်တာများပါတယ်။ ကလေးဘဝမှာ အရေပြားနူးနူးညံ့ညံ့ရှိရာကနေ လူကြီးဖြစ်လာတဲ့အခါ အဆီတွေထွက်လာပြီး တချို့ဆိုရင် အသက် ၁၀ နှစ်အောက်မှာ ကလေးအသားအရေရှိပေမယ့် အသက် ၁၁ နှစ်၊ ၁၂ လောက်မှာ အဆီစပြီးထွက်လာတာမျိုးလည်းရှိပါတယ်။ မိန်းကလေးဆိုရင် သွေးသားသိသိသာသာပြောင်းလဲလာတဲ့အတွက် ဟော်မုန်းတွေပါ လိုက်ပါပြောင်းလဲလာပါတယ်။

အဆီဂလင်းတွေက ဟော်မုန်းကိုတုံ့ပြန်လာပြီးတော့ အဲဒီဟော်မုန်းတွေကြောင့်ပဲ အဆီစထွက်လာပါတယ်။ အဆီတွေများလာတဲ့အခါ ချွေးပေါက်တွေပိတ်သွားပြီး ဂလင်းတွေရောင်လာပါတယ်။ အဲဒီနေရာကို ကုတ်တာ၊ ဖဲ့တာတွေလုပ်မိရင် ပိုးဝင်ပြီး အနီလုံးတွေဖြစ်လာပါတယ်။ ဒါကို ဝက်ခြံထွက်လာတာလို့ခေါ်ပါတယ်။ ဆယ်ကျော်သက်အရွယ်တွေမှာဖြစ်တာက သဘာဝကြောင့်ဖြစ်လို့ ထိန်းပေးဖို့လိုအပ်ပါတယ်။

ဝက်ခြံထွက်လာတဲ့အခါ ဖုံးကွယ်ဖို့ မိတ်ကပ်နဲ့ အစိုဓာတ်ထိန်းခရင်မ်တွေသုံးလို့ရပါတယ်။ ဒါပေမဲ့ မိတ်ကပ်က ချွေးပေါက်ပိတ်နိုင်ပါတယ်။ အရေပြားအစိုဓာတ်ထိန်းခရင်မ်က အာဟာရ(Nutrition) လည်း ဖြည့်စွက်ထားလို့ ပိုပြီးသင့်တော်ပါတယ်။ မိတ်ကပ်လိမ်းတဲ့အခါမှာလည်း ထူထူမလိမ်းဘဲ အသားထဲစိမ့်ဝင်သွားမယ့်လိုးရှင်းလိမ်းသလို လိမ်းပေးသင့်ပါတယ်။ ဝက်ခြံထွက်စဉ်မှာ တစ်နေကုန်ခံတဲ့မိတ်ကပ်မသုံးသင့်ပါဘူး။ Skincare ပါတဲ့မိတ်ကပ်မျိုးဆိုရင် ချွေးပေါက်သိပ်မပိတ်ပါဘူး။ အဆီသိပ်မထွက်လို့ လိမ်းလို့ရပါတယ်။

တချို့ဝက်ခြံထွက်တာလည်းမဟုတ်၊ ဆားဝက်ခြံထွက်တာလည်း မဟုတ်ဘဲ ငယ်တဲ့အရွယ်မှာ ဟော်မုန်းကြောင့် မျက်နှာပေါ်မှာ အနီဖုလေးတွေထွက်တာမျိုးလည်းရှိပါတယ်။ ဟော်မုန်းအပြောင်းအလဲဖြစ်တာ၊ ခြင်ကိုက်တာ၊ ဓာတ်မတည့်တာ စတာတွေကြောင့် ဝက်ခြံဖြစ်လာတယ်ဆိုရင် မစိုးရိမ်စေချင်ပါဘူး။ စိုးရိမ်စိတ်ကြောင့်လည်း ဝက်ခြံတွေထွက်လာတတ်ပါတယ်။

ဝမ်းချုပ်ရင်လည်း ဝက်ခြံထွက်တတ်သလို အိပ်ရေးပျက်ရင်လည်း ဝက်ခြံထွက်တတ်ပါတယ်။ အခုခေတ်လူငယ်တွေက အငန်နဲ့အပူအစပ် အစားများကြတယ်။ ဆားက အရေပြားဖောင်းစေတဲ့အတွက် ဝက်ခြံတွေကလည်း ဖောင်းလာတတ်တယ်။ အပူအစပ်တွေစားတဲ့အခါ ချွေးတွေ၊ အဆီတွေထွက်လာစေတယ်။ ဟော့ပေါ့စားတဲ့အလေ့အထက များလာတော့ အဆီငွေ့တွေက ဦးရေပြားနဲ့ မျက်နှာမှာရှိတဲ့ ချွေးပေါက်တွေကို ပိတ်စေပါတယ်။ အရသာပြင်းတဲ့အစားအသောက်တွေကိုရှောင်ဖို့လိုပါတယ်။

ဝက်ခြံကိုမညှစ်သင့်ပါဘူး။ ညှစ်လိုက်ရင် အပြင်ကိုပေါက်ထွက်တာအပြင် ဘေးဘက်ကိုလည်းပေါက်ထွက်ပြီး အရေပြားထဲကိုဝင်သွားပါတယ်။ အရေပြားထိခိုက်သွားတဲ့အတွက် ရောင်ရမ်းတာကို ဖြစ်စေပါတယ်။ ဒဏ်ရာဖြစ်သွားတဲ့အတွက် ပြီးရင် အမည်းစက်တွေပါ ကျန်နေတတ်ပါတယ်။ ဒါကြောင့် ဝက်ခြံကို ညှစ်တာတို့၊ ကုတ်ဖဲ့တာတို့ မလုပ်သင့်ပါဘူး။ ညှစ်လိုက်တဲ့ဝက်ခြံနေရာမှာ အချိုင့်ဖြစ်သွားတတ်တယ်။ ဝက်ခြံဆိုတာက အသက် ၁၈ နှစ်၊ ၁၉ နှစ်လောက်ဆိုရင် ဟော်မုန်းတွေတည်ငြိမ်သွားပြီး သူ့ဘာသာကောင်းသွားပါလိမ့်မယ်။

နေပူဆာလှုံတာက အရေပြားကို ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ထိတွေ့မိရင် အရေပြားညိုမည်းစွဲတာ၊ အရောင်ပြောင်းတာ၊ အရေပြားဓာတ်မတည့်တာ၊ ဝက်ခြံ စတာတွေထွက်လာတာဖြစ်တတ်ပါတယ်။ နေပူဆာလှုံပြီးရင်တော့ နေရောင်ကာခရင်မ်လိမ်းပေးရပါမယ်။

Systemic Lupus Erythematosus(SLE) ရောဂါရှိသူတွေ နေရောင်ကာခရင်မ်လိမ်းဖို့လိုအပ်ပါတယ်။ သူတို့ရဲ့အရေပြားက တစ်ကြိမ်လိမ်းထားပြီးလို့ ပုံမှန်ရှိရမယ့် ရောင်ခြည်ဆဲလ်တွေထုတ်လုပ်တဲ့နေရာမှာ တည်နေရာပျက်သွားလို့ မှားယွင်းပြီး ဆက်တိုက်ထုတ်တာကြောင့် အရောင်မညီတော့ဘဲ အမည်းကွက်တွေ မညီမညာဖြစ်သွားပါတယ်။ ဒါကိုပြန်ငြိမ်သွားဖို့ နေရောင်ကာခရင်မ်(Sunscreen) တွေ သုံးရမှာဖြစ်ပါတယ်။ လေဆာနဲ့လုပ်မယ်ဆိုရင်လည်း ပိုမည်းသွားပြီး ဝက်ခြံပိုထွက်တာလည်းရှိပါတယ်။ ဒါကြောင့် SLE ရောဂါရှိသူတွေအနေနဲ့ နေရောင်ခြည်ကိုကာကွယ်ထားနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။ ၂-၃ နာရီကြာရင် တစ်ကြိမ်လိမ်းသင့်ပါတယ်။

နေရောင်ကာခရင်မ်(Sunscreen) လိမ်းထားတယ်ဆိုပြီး ပေါ့ဆလို့မရပါဘူး။ နေရောင်ထဲထွက်ရင် ထီးတို့၊ ဦးထုပ်တို့ ဆောင်းရပါမယ်။ ၉၅ ရာခိုင်နှုန်း ခရမ်းလွန်ရောင်ခြည်ကာကွယ်နိုင်တဲ့မျက်မှန်ကို တပ်ဆင်ရပါမယ်။ နေရောင်မှာပါတဲ့ခရမ်းလွန်ရောင်ခြည်က မျက်လုံးကိုထိခိုက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်စိတိမ်စွဲတာဖြစ်နိုင်ပါတယ်။ ဒါကြောင့် ခရမ်းလွန်ရောင်ခြည်တားဆီးပေးနိုင်တဲ့ နေကာမျက်မှန်မျိုးသုံးသင့်ပါတယ်။

ဝက်ခြံကုသခြင်းရဲ့ အဓိကရည်ရွယ်ချက်က အနာကျက်ဖို့၊ ဝက်ခြံဖုအသစ်ထပ်မထွက်ဖို့၊ အမာရွတ်မထင်ဖို့နဲ့ စိတ်ပိုင်းဆိုင်ရာပြဿနာတွေ လျော့နည်းစေဖို့ဖြစ်ပါတယ်။

ဆားဝက်ခြံနဲ့ အမဲစက်ပြဿနာဖြစ်ရင် အရေပြားကိုရေနွေးနွေး၊ အပျော့စားသန့်စင်ဆေးတွေနဲ့ ဆေးကြောသန့်စင်ပေးရမှာဖြစ်ပါတယ်။ ကိုယ့်မှာဖြစ်နေတဲ့အခြေအနေအလိုက် ဆေးဆိုင်မှာအလွယ်တကူဝယ်ယူနိုင်တဲ့ဆေးတွေ ဒါမှမဟုတ် ဆရာဝန်ညွှန်ကြားထားတဲ့ဆေးတွေ အသုံးပြုဖို့လိုပါတယ်။ အဲဒီဆေးဝါးတွေကို ဝက်ခြံထွက်တဲ့နေရာတစ်ဝိုက်မှာ လိမ်းပေးရမှာဖြစ်ပါတယ်။ ဝက်ခြံကုသရာမှာသုံးတဲ့ဆေးဝါးအမျိုးမျိုးရှိပါတယ်။

Benzoyl Peroxide ဒြပ်ပေါင်းက P.acne လို့ခေါ်တဲ့ ဝက်ခြံဖြစ်စေတတ်တဲ့ ဗက်တီးရီးယားပိုးမွှားတွေကို သေစေနိုင်သလို၊ အရေပြားမှအဆီထွက်မှုကိုလည်း လျော့ကျစေပါတယ်။ Resorcinol၊ Salicylic acid၊ Sulphur ဒြပ်ပေါင်းတွေကတော့ ဆားဝက်ခြံနဲ့အမည်းစက်ထွက်တာကို သက်သာစေနိုင်ပါတယ်။

ဝက်ခြံကုသရာမှာ ခရင်မ်၊ လိုးရှင်းတွေကို အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ အသုံးပြုပြီး အရေပြားခြောက်သွေ့တာ၊ ထိခိုက်တာ၊ ယားယံတာ၊ ပူစပ်ပူလောင်ဖြစ်တာ၊ စပ်ဖျဉ်းဖျဉ်းခံစားရတာတို့ ဖြစ်လာခဲ့ရင် အရေပြားအထူးကုဆရာဝန်နဲ့ပြသသင့်ပါတယ်။

အလတ်စား၊ အပြင်းစား ဝက်ခြံပြဿနာတွေဖြစ်လာခဲ့ရင် ပိုမိုရှုပ်ထွေးတဲ့ ကုသမှုတွေခံယူရနိုင်ပါတယ်။ ဆရာဝန်က တစ်မျိုးတည်း ဒါမှမဟုတ် တစ်မျိုးထက်ပိုပြီး ပေါင်းစပ်အသုံးပြုရမယ့်လိမ်းဆေး၊ သောက်ဆေးတွေ ညွှန်ပေးမှာဖြစ်ပါတယ်။ ဗက်တီးရီးယားတွေသေစေပြီး အရောင်ကျစေမယ့် ပဋိဇီဝဆေး၊ ဆားဝက်ခြံနဲ့ အမည်းစက်တွေကို ဖယ်ရှားပေးမယ့် Retinoid လိမ်းဆေး၊ ဝက်ခြံဖြစ်စေတဲ့ (P.acne) ဗက်တီးရီးယားပိုးမွှားတွေသေစေပြီး အရေပြားအဆီထွက်ခြင်းကို လျော့ကျစေတဲ့ လိမ်းဆေးတွေ အသုံးပြုဖို့လိုအပ်မှာဖြစ်ပါတယ်။ ကိုယ်က ထိခိုက်လွယ်တဲ့အသားအရေပိုင်ရှင်ဖြစ်ခဲ့ရင် ခရင်မ်၊ လိုးရှင်းတွေအသုံးပြုတာက အစိုဓာတ်ရရှိစေပေမယ့် ကိုယ့်အတွက် ဆိုးကျိုးရှိနိုင်ပါတယ်။ အဆီပြန်တဲ့အသားအရေဆိုရင်တော့ အယ်လ်ကိုဟောအခြေခံတဲ့ ဂျယ်(Alcohol Gel) အသုံးပြုဖို့လိုပါတယ်။ ။

**ဒေါက်တာလွင်သန့်**

# ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စုယဉ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်ခင်စန်းရီတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကြပြီး Grade–10 မှ မအင်ကြင်းစံက လူငယ်နှင့်စာပေ၊ Grade–10 မှ မောင်ဟိန်းထက်ကျော်ဇင်က လူငယ်နှင့်စာရိတ္တ၊ Grade–10 မှ မောင်ထက်ဝေယံအောင်က လူငယ်နှင့်ကျန်းမာရေး၊ Grade–10 မှ မကြည်ဖြူသျှင်က လူငယ်နှင့် မူးယစ်ဆေး၊ Grade–10 မှ မယွန်းမီမီက လူငယ်နှင့်ယဉ်ကျေးမှု၊ မမေသီရိမြင့်မြတ်စံက လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူနှင့် ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့် နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူလူထုအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့်အပြင် လူငယ်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ လစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ



**မြိတ် ဇန်နဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီးမြိတ်တက္ကသိုလ် အားကစားကွင်း၌ အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် မျိုးဆက်သစ်ပြေးခုန်ပစ် အားကစားသမားများ မွေးထုတ်ပေးနိုင် ရေးအတွက်ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့်ဆုပေးပွဲ ကို ဇန်နဝါရီလ ၂၂ ရက်တွင် ကျင်းပ သည်။

ပြေးခုန်ပစ်ပြိုင်ပွဲများတွင် မီတာ ၁၅၀၀၊ မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀၊ မီတာ ၄၀၀ လက်ဆင့်ကမ်း၊ မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ အလျား ခုန်ပြိုင်ပွဲများကို ဘာသာရပ်ဌာနအသီးသီး မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဇန်နဝါရီ လ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပပေး ခြင်းဖြစ်သည်။

ထို့နောက် ဆုပေးပွဲ ကျင်းပရာ မြိတ်တက္ကသိုလ်အားကစားနှင့်ကာယပညာ ကော်မတီနာယက၊ တက္ကသိုလ်ပါမောက္ခ ချုပ် ဒေါက်တာနေသွယ်ကြည်က ဂုဏ်ပြု အမှာစကားပြောကြားပြီး ပြိုင်ပွဲတစ်လျှောက် တာဝန်ယူဆောင်ရွက်ပေးသော ဒိုင်အဖွဲ့ အား အမှတ်တရလက်ဆောင်များကို လည်းကောင်း၊ ပြိုင်ပွဲအသီးသီးတွင် တတိယ၊ ဒုတိယနှင့် ပထမရရှိသော အားကစားသမားများအား လည်ဆွဲဆုများ ကိုလည်းကောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုးမိုးလွင်နှင့်တာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနောက် အဆိုပါပြိုင်ပွဲများတွင် အမှတ်အများဆုံးဖြင့် ပထမဆုရရှိသော ရူပဗေဒဌာနအသင်းအား မြိတ်တက္ကသိုလ် ပါမောက္ခချုပ်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ကြောင်းနှင့် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို ဘာသာရပ်ဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၉၀ ကျော် ပါဝင်ယှဉ်ပြိုင် ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

**နတ်မောက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ် တောင်ထောင့်ကျေးရွာအုပ်စု၌ ဆိုလာရေတင်စနစ်ဖြင့်စိုက်ပျိုးထားသော ဆောင်းနေကြာ၊ ခရမ်းချဉ်နှင့် ကြက်သွန် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။

ထိုသို့ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိ အောင်ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံ တောင်သူများသည် ရာသီမရွေးစိုက်ပျိုး ရေလုံလောက်စွာရရှိစေမည်ဖြစ်ပြီး ယခင် က မိုးရာသီကာလအတွင်းသာ စိုက်ပျိုးနိုင် ရာမှ ယခုအခါ ဆောင်းသီးနှံ၊ နွေသီးနှံများ ဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပြောင်းဖူး၊ ခရမ်းချဉ်၊ ဘူးများစိုက်ပျိုးလာ နိုင်ရာ ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေများ တိုးတက် ရရှိလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးအတွက် အထောက်အကူပြုလျက်ရှိ သည်။


အဆိုပါဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုး ထားသော ဆောင်းနေကြာ၊ ခရမ်းချဉ်နှင့် ကြက်သွန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ တောင်သူများနှင့်တွေ့ဆုံ ကာ ရေကိုစနစ်တကျအသုံးပြု၍ သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြား သည်။

စိုက်ပျိုးသီးနှံများကို တစ်ကေပန်းတိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည် ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံ မျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ထုတ်လုပ် မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုး သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာ သီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့် တင်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် နန်းသြ ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်မြစန်းရီက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟု သုတတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံ ၍ ဗဟုသုတများရရှိစေရန် ဟောပြောပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကြည့်တိုက်များ အသုံးပြုတတ် စေရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့ အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း ကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲအပြီးတွင် ကျောင်း သား၊ ကျောင်းသူများက ဇေယျာသီရိ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနကပြသထားသည့် အသိပညာ ပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင် များကို လေ့လာကြည့်ရှုကြောင်း သိရ သည်။ (၄၁၃)

# မေတ္တာဖြန့်ချိ ဆေးစစ်သည်များ

* လူတိုင်းမှာ ကျန်းမာရေး
စဉ်မြဲတွေးလို့ ပူပန်နေ။
ကျန်းမာရေး စောင့်ရှောက်မှု
ကုသိုလ်ပြုပေ။
တပ်မတော်က တာဝန်ကျေ
နှစ်စဉ်လေ ပြည်သူအတွက်။
နယ်လှည့်ကာ အထူးကုသပေးတယ်
အလေးထားဆောင်ရွက်။

* အမှောင်ပယ် အလင်းရောက်
စောင့်ရှောက်လျက် စေတနာကြွယ်။
ဆရာဝန် သူနာပြုများ
စိတ်ထားဖြူတယ်။
ရောဂါမှန်သမျှ ပျောက်စေမယ်
အားတက်ဖွယ် စောင့်ရှောက်ပေး။
တာဝန်မှာ စေတနာရောလို့
သောကငြိမ်းအေး။

* မျက်နှာမှာ ရွှင်အပြုံးနဲ့
နှလုံးသားက ဖြူစင်ကြည်။
မြင်သူတွေ ကြိုဆိုကြ
ဝမ်းသာလှသည်။
နေရာဒေသ အနှံ့ဆီ
ရောက်လာပြီ ဆေးစစ်သည်များ။
ကျန်းမာရေးမှာ ကူညီစောင့်ရှောက်
တတ်မြောက်စွမ်းအား။

* လူသားနှင့်ကျန်းမာရေး
ကူညီပေးသည့် အတတ်ပညာ
မွန်မြတ်ပေတာ။
ကျွမ်းကျင်တဲ့ ဆေးပညာ
ရောဂါဒဏ် ကင်းစင်ရေး။
ရွှင်လန်းတက်ကြွစွာ ပြုစုပေးလို့
လေးစားတယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၂၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ဝ၆:ဝဝ တရားတော် | ၆။ ၁၂:ဝဝ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၂။ ဝ၈:ဝဝ မြဝတီရုပ်မြင်သံကြား သတင်း | ၇။ ၁၃:ဝဝ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၃။ ဝ၉:ဝဝ ကျန်းမာသုတ | ၈။ ၁၆:ဝဝ မျိုးချစ်တပ်မတော် |
| ၄။ ၁ဝ:ဝဝ နိုင်ငံတကာသတင်း | ၉။ ၁၉:ဝဝ **(၃၈)ဖြာမင်္ဂလာ အပွမာဒေါစ ဓမ္မေသု** |
| ၅။ ၁၁:ဝဝ ပြည်သူ့ကြားက ပြည်သူ့စကား | |

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ ဩဝါဒခံယူပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၂**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ Naypyitaw State Academy မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် Naypyitaw State Academy စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ ဥပုသ်သီလ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဘာသာရေးဆိုင်ရာနှင့် အထွေထွေဗဟုသုတများကို ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းလျှောက်ထားကြရာ ဆရာတော်က ပြန်လည်ရှင်းလင်းဖြေကြားပြီး Naypyitaw State Academy သို့ ဘာသာရပ်ဆိုင်ရာ စာအုပ်များလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာအုပ် ၂၆ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာလုံးအရေအတွက်နှင့် စာမျက်နှာ ပြောင်းလဲမှုမရှိစေဘဲ ကွန်ပျူတာစာစီမှုဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၂**

ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာအုပ် ၂၆ အုပ်တို့ကို ဆဋ္ဌမူအတိုင်းစာလုံးအရေအတွက်နှင့် စာမျက်နှာပြောင်းလဲမှုမရှိစေဘဲ ကွန်ပျူတာစာစီမှုဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့နေပြည်တော်ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဗျေယျာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အဖွဲ့ဝင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ၊ လုပ်ငန်းကော်မတီအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကေသရနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဗျေယျာကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးများက ဋီကာကျမ်းစာအုပ်များကို ကွန်ပျူတာစာမှုဖြင့် ဆောင်ရွက်ရာတွင် ဆဋ္ဌသင်္ဂါယနာတင်ဋီကာ ၂၆ အုပ်ကို ဦးစွာကွန်ပျူတာစာမှုဖြင့် ဆောင်ရွက်သွားရန်နှင့် ကွန်ပျူတာစာစီမှုဋီကာစာအုပ်များကိုစိစစ်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဗိပဿနာတက္ကသိုလ် စာသင်တိုက်ကြီးတို့သို့ အမြန်ပေးပို့သွားရန်လိုအပ်ကြောင်း၊ သာသနာအတွက် အကျိုးများသောလုပ်ငန်းဖြစ်သဖြင့် ဆရာတော်များအနေဖြင့် စိတ်ရောကိုယ်ပါ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန့်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကြွရောက်လာကြသည့်ဆရာတော်၊ သံဃာတော်များအား ရိုက်နှိပ်ပြီးသော အဋ္ဌကထာစာအုပ် ၂၇ အုပ်နှင့် သဗ္ဗဗျေယျမင်္ဂလာပရိတ်တော်ကွန်ပျူတာစာမှုများကို ရှင်းလင်းပြသပြီး ဆရာတော်ကြီးများ၏ မိန့်ကြားချက်များအပေါ် ပြန်လည်ရှင်းလင်းလျှောက်ထားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ဆက်လက်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဗိုလ်ကလေးရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင်သုတေသနစာတမ်းများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) တို့မှ ကထိကများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သားဖွား /မီးယပ်အထူးကုဆရာဝန်၊ တပ်မတော်ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့်ဘွဲ့လွန်သင်တန်းသူများ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် လူမှုဘဝနေထိုင်မှုနှင့် အစာအာဟာရ စားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုတိုးတက်များပြားလာသောကြောင့် ယင်းအပြုအမူများကို ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သောလူမှုဘဝတိုးတက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန်ဆောင်ရွက်ခြင်း "Promoting a Healthy Lifestyle Addressing Health Risk Behaviors" ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နီးနှောဖလှယ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာရဲတင့်လွင်က "အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ- လေ့ကျင့်ခန်းသည်ဆေးဖြစ်သည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသီတာဝင်းက "မြန်မာနိုင်ငံအတွင်း ဆေးရွက်ကြီး ထိန်းချုပ်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေး ညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက "လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် HIV ရောဂါကိုကာကွယ်ခြင်းဖြင့် ကျန်းမာရေးကိုထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) (ရန်ကုန်) တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးကျော်သူက "ကျန်းမာရေးထိခိုက်စေသော အပြုအမူများကို ဖြေရှင်းနိုင်သော လူနေမှုပုံစံများအား စိတ်ကျန်းမာရှုထောင့်မှတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြေးမုံထွေးက "အာဟာရသည် ကလေးဘဝမှ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသောအပြုအမူများကို မည်ကဲ့သို့ကာကွယ်ပေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အများအားဖြင့် သာယာမည်**

၂၃-၁-၂၀၂၅

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ (မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❖ ကျန်းမာရေး အသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့် ကျန်းမာရေး အသိပညာပေးအစီအစဉ်များကို အလေးထားထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့်အစီအစဉ်များဖြစ်ရန်လို၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာပေးအစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လို . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာတပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများ အားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငါလုပ်ဆောင်နိုင်ရန်ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန်တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကိုကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေး စရိုက်လက္ခဏာကိုတိုးမြှင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကိုဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တပ်မှူးက တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ နေ့စဉ် ပြည်တွင်း၊ ပြည်ပသတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြားပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ ထုတ်လွှင့်နေမှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့ ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး မိမိတို့ရုပ်သံထုတ်လွှင့်မှုများ တိုးတက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို

**စာမျက်နှာ ၁၂ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်သံပြတိုက်တည်ဆောက်ရန်မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**❖ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်၊ ယခုထက်ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင်ဆောင်ရွက်ကြစေလို၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆောင်ရွက်နေရန်လို . . .**

☆ **စာမျက်နှာ ၁၁ မှအဆက်**

အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လွှင့်သည့်အစီအစဉ်များသည် လူအများစိတ်ဝင်စားသည့်အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့်အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **“ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်”**ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန်ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာ ဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေး အသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့်ကျန်းမာရေးအသိပညာပေးအစီအစဉ်များကို အလေးထားထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ပညာပေးအစီအစဉ်များကိုလည်း လူအများနားလည်အောင်ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့်ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်မှအစ တစ်ခုချင်းစီအား စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်းလှည့်လည်၍ ကျန်းမာရေးအသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှု၊ သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက် တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ယခုထက် ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆောင်ရွက်နေရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကိုလိုလားကြပြီး အမြဲမပြတ်ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍အားသာချက်၊အားနည်းချက်များကိုဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းများတိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့်ပြုလုပ်နေရန်လိုပြီး ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကို အမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန်လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အသံနှင့် အရုပ်နှစ်မျိုးရှိကြောင်း၊ အသံနှင့်ပတ်သက်၍ အသံများမှန်ရန်လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့် အနေအထားတွင်ရှိရန်နှင့် ပျော့ပျောင်းသည့်အနေအထားရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့်သွားလာနေထိုင်မှုများလည်းရှိရမည်ဖြစ်ကြောင်း၊ မိမိတာဝန် ယူရသည့် လုပ်ငန်းရပ်များ အလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီး တစ်ခုလုံးတိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားပြီး တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြစ်သည့် “လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်”တို့နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်မှူးကလက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စီးပွားဥစ္စာ တိုးတက်သာယာ မိတ္ထီလာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိတ္ထီလာခရိုင်သည်မြေပြန့်လွင်ပြင်ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများ လုပ်နိုင်လျှင်လုပ်နိုင်သလောက် အကျိုးရှိပြီး ပထဝီအနေအထားအရ အချက်အချာကျသော နေရာဒေသဖြစ်သည်။ ရှေးယခင်က သျှိသျှားမြို့ဟုခေါ်တွင်ခဲ့ကြောင်းသိရသည်။ ကောဇာသက္ကရာဇ် (၄၁၄)ခုနှစ်တွင် သျှိသျှားကန်ကို ပြုပြင်ဆည်ဖို့ခဲ့ရာ (၄၁၆) ခုနှစ်တွင် ပြီးစီးခဲ့သည်။ ကန်တော်ဆည်ဖို့နေစဉ်ကာလအတွင်း အနော်ရထာမင်းစောသည် အမတ်ကြီး နရသီဟပတေ့မင်းအား ယာယီနန်းမြို့တည်စေခဲ့သည်။ ထိုစဉ် သျှိသျှားကန်သည်ပုပ္ပားတောင်နှင့်ဆက်စပ်ခြင်း ရှိ၊ မရှိ မြင်းသည်တော်တစ်ဦးအား သွားရောက်ကြည့်ရှုစစ်ဆေးစေခဲ့ရာ မထိလာပါဟု လျှောက်ထားဖြေကြားခဲ့ခြင်းကို အစွဲပြု၍ ကန်တော်ကို မထိလာကန်ဟုလည်းကောင်း၊ မြို့အမည်ကို မထိလာမြို့ဟုလည်းကောင်း ခေါ်တွင်စေခဲ့ရာမှ ကာလရွေ့လျားလာသည့်အခါ မိတ္ထီလာကန်၊ မိတ္ထီလာမြို့ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။



မိတ္ထီလာမြို့သည် မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အလယ်ဗဟိုကျကျနေရာ၊ လမ်းဆုံလမ်းခွ အချက်အချာကျသောနေရာတွင် တည်ရှိနေသော မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၇၅၀ အမြင့်တွင် တည်ရှိသည်။ ယေဘုယျအားဖြင့် ညီညာပြန့်ပြူးသည့်ဒေသဖြစ်ပြီး တောင်ကုန်းတောင်တန်းငယ်များလည်းရှိသော ဒေသတစ်ခုဖြစ်သည်။ မိတ္ထီလာဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်တို့လည်းပေါများလှသည်။

ကောဇာသက္ကရာဇ် ၄၁၄ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးအုပ်ချုပ်မင်းလုပ်စဉ် နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ အဓိကသော့ချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ရေသည် အဓိကကျကြောင်း သိရှိခဲ့သည်။ သို့အတွက် မြေပြန့်လွင်ပြင်စိုက်ပျိုးမြေနှင့် စားကျက်မြေများပေါများသည့် မိတ္ထီလာဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မိတ္ထီလာကန်တော်ကြီးကို ပြုပြင်ဆည်ဖို့ခဲ့သည်။ ထိုနည်းတူ မြန်မာဘုရင်အဆက်ဆက်တို့သည်လည်း လယ်ယာစိုက်ပျိုးရေးကိုအားပေးခဲ့သည်။ လယ်ထွန်မင်္ဂလာပွဲများကျင်းပခြင်း၊ ဖုံကြီးသံသီချင်းများသီဆိုခြင်းတို့ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ဆောင်သူများကို အားပေးခဲ့သည်။ ဆည်မြောင်းတာတမံများဖောက်လုပ်ကာ စိုက်ပျိုးရေရရှိရေးကိုလည်း စီမံဆောင်ရွက်ခဲ့သည်။ ယမထာ ရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ခြေတော်တင် ... ဟူသော ဖုံကြီးသံသီချင်းကို ယနေ့တိုင်မမေ့နိုင်ဖြစ်ရသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ ကျေးလက်နေပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ တိုင်းပြည်၏စားရေရိက္ခာဖူလုံရေးအတွက်လည်း အသက်သွေးကြောဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။ ဒေသတွင်း တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းသည့်အတွက် အများပြည်သူတို့ စိတ်နှလုံးအေးချမ်းကာ စားဝတ်နေရေးအတွက် အေးချမ်းစွာရှာဖွေစားသောက်နိုင်ကြသည်။ မိတ္ထီလာမြို့တွင် အထူးခြားဆုံးမှာ မိတ္ထီလာကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာသို့မရောက်ဖူးကြသော်လည်း မိတ္ထီလာကန်တော်ကြီးကို မိခင်တိုင်း၊ ကလေးငယ်တိုင်းသိကြမည်ဖြစ်သည်။ လေဘာတီမမြရင် သီဆိုထားသည့် အားယားမသီချင်းကြောင့်လည်း မိတ္ထီလာကန်တော်၏နာမည်မှာ ပိုမိုလူသိများခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဦးဆောင်ထမ်းရွက်နေစဉ်အတွင်း နိုင်ငံနှင့်ပြည်သူများအတွက် အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့စီးပွားမြင့်မားရေးကိုအထူးအလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံအတွက် စီးပွားရေးမောင်းနှင်အားရှင်သန်နေမှသာ အခြားသောနိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့လည်း ရှင်သန်မည်ဖြစ်သည်။ ရှေးကလူကြီးမိဘများပြောကြားထားသကဲ့သို့မြန်မာနိုင်ငံတွင် ပဒေသာပင်မြေကပေါက်သည်ဆိုခြင်းမှာ မြေကြီးကိုအခြေတည်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်အောင်မြင်ခြင်းကို ညွှန်းဆိုခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေး လုပ်ငန်းစဉ်ဆိုသည်မှာ မည်သည့်အစိုးရလက်ထက်တွင်ဖြစ်စေ မဖြစ်မနေဆောင်ရွက်နေရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ လူတိုင်းသည် အစားအစာစားနေကြ၍ အသက်ရှင်သန်နေထိုင်နိုင်ခြင်းဖြစ်သည်။ အစားအစာ စားသောက်ရရှိစေဖို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ဆောင်နေကြရသည်။ ထိုနှစ်မျိုးစလုံးကို အားပြည့်အင်ပြည့်လုပ်ကိုင်ဆောင်ရွက်ရန် မိတ္ထီလာခရိုင်သည် သင့်တော်သော မြေအနေအထားများလည်းရှိသည်။ ထိုမြေပေါ်တွင် စားရေးအတွက်သာမက ဝတ်ရေးအတွက် စိုက်ပျိုးဖြစ်ထွန်းသည်။ ဝါနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲသည် မိတ္ထီလာမြို့သို့ရောက်ရှိပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၁၇ ရက်က တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ ကြည့်ရှုစစ်ဆေးစဉ် **"ပြည်ပသို့ ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌လိုအပ်လျက်ရှိသည့် အဆင့်မီချည်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းအပါအဝင် အခြေခံချည်ထည်အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျော့ကျစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** လမ်းညွှန်ခဲ့သည်။ ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က မိတ္ထီလာမြို့တွင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲကို တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့်အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ရေး ဖွင့်လှစ်ပေးခဲ့သည်။ မိတ္ထီလာခရိုင်တွင် ဝါသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ဝါမျိုးစုံစုစုပေါင်း လျာထားဧက ၅၇၃၁၇ ရှိပြီး စိုက်ဧက ၃၉၃၁၂ ဧက၊ ရိတ်သိမ်းပြီးဧက ၃၅၅၀၅ ရှိခဲ့သည်။ ဝါပိဿာပေါင်း ၁၂၅၇၂၈ ပိဿာထွက်ရှိခဲ့သည်။ မိတ္ထီလာခရိုင်တွင် ချည်မျှင်ရှည်ဝါများကို မိုးကြိုကာလ၊ မိုးကာလနှင့်မိုးနှောင်းကာလတို့တွင် စိုက်ပျိုးကြသည်။

ယခု ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် နိုင်ငံတော်အကြီးအကဲက မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ် **"မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကိုဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့်ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှု၊ အေးချမ်းစိုပြည်မှုတို့ ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း GreenZone Area များကို မဖြစ်မနေအကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်း အလိုက်စဉ်ဆက်မပြတ်သည့် စိုက်ပျိုးရေးနည်းဖြင့် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန် လိုကြောင်း"** တိုက်တွန်း ပြောကြားခဲ့သည်။

ဒေသတစ်ခုဖွံ့ဖြိုးတက်မှုမှာ ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသတွင်းနေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သည်။ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသည့်အတိုင်း သက်ဆိုင်သူအားလုံးက ဒေသဖွံ့ဖြိုးရေးကိုအားကြိုးမာန်တက် လုပ်ဆောင်ကြရပေမည်။ မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် အမျိုးမျိုးသော လုပ်ငန်းရှင်များဘက်ကလည်း ဟန်ချက်ညီညီလုပ်ဆောင်ကြရမည်ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများလည်းရှိပြီး စက်မှုဇုန်လုပ်ငန်းများလည်း လည်ပတ်လျက်ရှိသည်။ MSME လုပ်ငန်းနှင့်ပတ်သက်၍ မိမိဒေသထွက်ကုန်ကြမ်းများကို အဓိကအသုံးပြုပြီး ဆောင်ရွက်ကြလျှင် ကုန်ကြမ်းသယ်ယူပို့ဆောင်မှုစရိတ်စက သက်သာခြင်း၊ ကုန်ကြမ်းပြတ်လပ်မှုမှ ကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ One Region One Product ဖြစ်စေရေးအတွက်နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားပြီးဖြစ်ရာ မိတ္ထီလာခရိုင်အတွင်းရှိ MSME ဆောင်ရွက်သူများအနေဖြင့်လည်း ဒေသထွက်ကုန်ကြမ်းဖြစ်သည့် ဝါနှင့်ပတ်သက်သော ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေးအလေးထားဆောင်ရွက်ကြ ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရေး၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရေး၊ ဈေးချင်းတူပါက အရည်အသွေး ကောင်းမွန်ရေး ကြိုးစားကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများမှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ဖြစ်သည်။ စိုက်ပျိုးရေးတွင် ပင်မရင်းမြစ်မှာ စိုက်ပျိုးမြေကောင်းမွန်မှုဖြစ်သည်။

**စာမျက်နှာ ၁၄ သို့ ▸▸**

▸▸ **စာမျက်နှာ ၁၃ မှအဆက်**

စိုက်ပျိုးမြေ ကောင်းမွန်နေမှလည်း သွင်းအားစုထည့်သမျှ အကျိုးဖြစ်ထွန်းပေမည်။ စိုက်ပျိုးမှုကောင်းမွန်မှုမရှိသည့်အခါ အထွက်နှုန်းလည်းကျဆင်းမည်ဖြစ်သည်။ ပိုက်ဆန်လျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများ ထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မိတ္ထီလာဒေသ၏မြေဆီမြေလွှာကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိတ္ထီလာဒေသတွင် စိုက်ပျိုးထားသော သီးနှံများ၏ အခြေအနေကိုလည်း တင်ပြလိုပါသည်။ မိတ္ထီလာခရိုင်၏ မြေယာအသုံးချမှုအခြေအနေကို ကြည့်ပါက စိုက်ပျိုးမြေဧရိယာဧက ၇၁၇၂၇၂၊ အသားတင်စိုက်မြေ ဧက ၆၆၀၂၇၃ နှင့်လှပ်မြေ ဧက ၅၆၉၉၉ ရှိသည်။လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်မြေများကို ကဏ္ဍအလိုက် ခွဲခြားထားခြင်းဖြစ်သည်။ ခရိုင်အတွင်းမိုးရွာသွန်းမှုအနေဖြင့်၂၀၂၄ ခုနှစ်တွင် မိုးရွာရက် ၄၇ ရက်ရှိပြီးမိုးရေချိန်လက်မ ၃၆ ဒသမ၂၀ ရှိခဲ့သည်။ စိုက်ပျိုးသီးနှံများအနေဖြင့် မိုးစပါး စိုက်ဧကမှာ ၁၁၆၄၁၆ ဧက ရှိခဲ့ပြီး နွေစပါးအား ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

မြေပဲနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင် စိုက်ပျိုးကြပြီး မိုးမြေပဲစိုက်ဧကမှာ ၄၇၂၆၉ ဧကနှင့် ဆောင်းမြေပဲစိုက်ဧကမှာ ၅၇၅၄ ဧက ဖြစ်သည်။ နှမ်းစိုက်ပျိုးမှုနှင့် မိုး၊ ဆောင်း၊ နွေ သုံးရာသီလုံး စိုက်ပျိုးလျက်ရှိရာ မိုးနှင့် ဆောင်းမြေပဲစိုက်ဧကမှာ ၃၂၄၇၂၁ ဧကရှိသည်။

နေကြာစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင်စိုက်ပျိုးကြပြီး မိုးနှင့်ဆောင်း နေကြာစိုက်ဧကမှာ ၁၄၄၆၂ ဧက ဖြစ်သည်။ ပဲတီစိမ်းနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင် စိုက်ပျိုးကြပြီး မိုးနှင့်ဆောင်းရာသီ ပဲတီစိမ်းစိုက်ဧကမှာ ၃၂၂၃ ဧကဖြစ်သည်။ ပဲစင်းငုံစိုက်ပျိုးမှုကို မိုးရာသီတွင်စိုက်ပျိုးကြပြီး စိုက်ဧကမှာ ၁၀၈၆၆၃ ဧကဖြစ်သည်။

မိတ္ထီလာခရိုင်မှာ ရေခံမြေခံကောင်းမွန်သည့်အတွက် စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ အာလူး၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်း၊ နံ့စားပြောင်းများကိုလည်းစိုက်ပျိုးကြသည်။ မိုးရာသီတွင် တိရစ္ဆာန်အစားအစာများကိုလည်းစိုက်ပျိုးကြောင်း သိရှိရသည်။ ထို့ပြင် ပဲအမျိုးမျိုးဖြစ်သည့် မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲနောက်၊ ပဲကြီး၊ ပဲကျား၊ ဘိုကိတ်နှင့်အခြားသောပဲများကိုလည်းစိုက်ပျိုးကြသည်။ မိတ္ထီလာခရိုင်တွင် မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များပါဝင်ရာ အဆိုပါမြို့နယ်များအားလုံးနွေမိုးဆောင်း စဉ်ဆက်မပြတ်သီးနှံများစိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးသီးနှံမှန်သမျှ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အိမ်တိုင်း၊ မိသားစုတိုင်းနေ့စဉ်ဟင်းချက်ရာတွင် မပါမဖြစ်သော မီးဖိုချောင်သီးနှံဖြစ်သည့် ကြက်သွန်နီကိုလည်း မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးကြသည့်အတွက် အထွက်နှုန်းကောင်းအောင် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးကြရမည်ဖြစ်သည်။ ကြက်သွန်နီစိုက်ပျိုးမှုမှာဆိုလျှင်လည်း တစ်နိုင်ငံလုံး၏ ၆ ဒသမ ၉၇ ရာခိုင်နှုန်း စိုက်ပျိုးထားကြောင်း သိရှိရသည်။ ငရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းအတူပင်ဖြစ်သည်။ မြန်မာ့ဟင်းတိုင်းအတွက် ပါဝင်ပစ္စည်းဖြစ်သော ကြက်သွန်နီနှင့် ငရုတ်တို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချနိုင်မည်။ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးမည်ဆိုပါကလည်း ဝယ်လိုအားကောင်းမှုကြောင့်ဒေသခံတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ခေတ်မီနည်းစနစ်များနှင့်အညီ စိုက်ပျိုးရမည်ဖြစ်သည်။ ယခုအခါစိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို လူသားတို့အတွက် ဦးတည်ထုတ်လုပ်ရုံတင်မက တိရစ္ဆာန်များအတွက်ပါ ဦးတည်ထုတ်လုပ်လျက်ရှိသည်။ ဆိုရပါမူ တိရစ္ဆာန်အစာစပ်စက်ရုံများပင် ဖြစ်ပါသည်။ တိရစ္ဆာန်အစာများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပက မှာယူတင်သွင်းရမှုလည်း လျော့နည်းကာ ကုန်ကျစရိတ်များလည်း သက်သာမည်ဖြစ်သည်။











မိတ္ထီလာဒေသတွင် ယခင်ကတည်းက တွင်ကျယ်စွာ ဆောင်ရွက်နိုင်ခဲ့သည့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကြီးများ၊ မိရိုးဖလာမွေးမြူရေးမှတစ်ဆင့် လှောင်မွေးစနစ်ဖြင့် မွေးမြူရေးများကို မွေးမြူရေးဆိုင်ရာခေတ်မီနည်းစနစ်များအကူအညီဖြင့် မွေးမြူကြမည်ဆိုလျှင် ဒေသတွင်းအသားထုတ်လုပ်မှုများ ယခုထက် ပိုမိုတိုးတက်အောင်မြင်ကာ နိုင်ငံအတွက် အသားထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာနိုင်ပေမည်။

မိတ္ထီလာခရိုင်အတွင်း မွေးမြူထားရှိသည့်တိရစ္ဆာန်များမှာ ဥစားကြက်၊ အသားစားကြက်၊ ဒေသကြက်စုစုပေါင်း ၁၀၀၀၀၀၀ ကျော်၊ ဒေသနွားနှင့် နို့စားနွား ၄၀၀၀၀၀ ကျော်၊ ဝက်ကောင်ရေ ၄၀၀၀၀ ကျော်၊ ဆိတ်ကောင်ရေ ၁၈၀၀၀၀ ကျော်နှင့်သိုးကောင်ရေ ၂၄၀၀၀ ကျော် မွေးမြူကြပြီး ၂၀၂၄ ခုနှစ်တွင် အေးခဲအသားနှင့်အသားခြောက်လုပ်ငန်းမှ အသားခြောက်ထုတ်လုပ်မှု ၉၆ တန်ကို ဆောင်ရွက်ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၉၆၅၀ ဖြင့် မိတ္ထီလာခရိုင်တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရသည်။ ထို့ပြင် မြစိမ်းရောင် (အသားကဏ္ဍ)မွေးမြူရေးကျေးရွာစီမံကိန်းအဖြစ် မိတ္ထီလာခရိုင်တွင် ရွာပေါင်း ခုနစ်ရွာ သတ်မှတ်ထားပြီး ထုတ်ချေးငွေပေါင်း ငွေကျပ် ၂၄၃ ဒသမ ၂၉ သန်း ထုတ်ပေးထားကြောင်း သိရှိရသည်။

လုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်လျှင် မွေးမြူရေးလုပ်ငန်းကို များစွာအထောက်အကူပြုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျှင်လည်း စားရေးအတွက်သာမက သားရေထည်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင် မည်ဖြစ်သည်။ သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံး အဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သဖြင့် မွေးမြူရေးကိုအောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကို အောင်မြင်စေမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ(Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရေး ဆင့်ပွားကြိုးစားကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအတွက်ဈေးကွက်ရှိထားပြီးဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်သာဖြစ်သည်။ လုပ်ငန်းများ တိုးတက်လာသည်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရှိန်မြင့်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာဒေသသည် မိုးရွာရက်နည်းသည့် ဒေသဖြစ်၍ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသဘောတရားများအရ အစိုးရနှင့်အတူ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများ ၊ သက်ဆိုင်ရာဌာနများကလည်း ဒေသအလိုက်ဒေသခံတို့၏လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသောလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ထိုလုပ်ငန်းများကို အခြေခံသော အဆင့်မြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး လိုအပ်သည့်သွင်းအားစုများ ဖြည့်ဆည်းပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်း၊ ဈေးကွက်များ ရှာဖွေချိတ်ဆွင်ပေးခြင်းတို့ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မိတ္ထီလာဒေသ၏စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူတစ်ခုဖြစ်ပေရာ အမျိုးမျိုးသောလုပ်ငန်းရှင်များဘက်ကလည်း စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း တာဝန်ရှိသူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၇ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ် **“မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့်ပြင်ဦးလွင်ဒေသတို့ရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကိုတွေ့ခဲ့ရကြောင်း၊ ထွက်ကုန်ပစ္စည်းများယခင်ကထက် ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်ပြုပြောကြားမှုများမှာ အဆိုပါဒေသများရှိ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်နေသူများနှင့်ပြည်သူများအတွက် “အား” တစ်ရပ်ဖြစ်စေခဲ့သည်။ မိတ္ထီလာခရိုင်အနေဖြင့် ဒီထက်ပိုမိုအောင်မြင်အောင် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုနှင့်အတူဒေသခံပြည်သူများက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ စီးပွားဥစ္စာတိုးတက်သာယာ မိတ္ထီလာအဖြစ်မော်ကွန်းတွင်နေမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၁၄၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၆၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆ ဦး၊ ကလေးရောဂါ ၂၀ ဦး၊ အရိုးရောဂါ ၁၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁ ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၁၀ ဦးနှင့်ခေတ်ခွဲစမ်းသပ်လူနာ ၁၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၁ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဒလမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒလမြို့နယ် တုံးတင်ကန်(တောင်)ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တုံးတင်ကန်(တောင်)ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဒက္ခိဏာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၀ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာရှိ မေတ္တာစွမ်းရည်ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ သံဃာတော် (၅)ပါးနှင့်ဒေသခံပြည်သူ ၂၇၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာနယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။







✯ ရှေ့ဖုံးမှအဆက်

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ်သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်းကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ကွင်းဆိုင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အသက်အရွယ် အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင်လေ့ကျင့်ပေးရန်လိုကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲတိုးတက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

**❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ် . . .**

**❖ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ်တိုးတက်လျက်ရှိ၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်မူဝါဒအတိုင်း စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့်စည်းမျဉ်းစည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းကျောင်းရှိ ပြခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းရှိပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဌာနခွဲ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ်တိုးတက်လျက်ရှိကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့်စည်းမျဉ်းစည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခုကျွမ်းကျင်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ ဖတ်ရှုလေ့လာမှတ်သားထားမှုများနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆက်စပ်နှိုင်းယှဉ်၍ သင်ခန်းစာဖော်ထုတ်သွားရန်လိုကြောင်း၊

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျကွပ်ကဲကြပ်မတ်နေရန်လိုသကဲ့သို့ ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး လက်အောက်၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာ တတ်မြောက်မှုသာမက အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများဖွင့်လှစ်၍ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်သား မိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ်အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစားအပျော်အပါးများကိုလျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့်ထွက်ငွေ မျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊

တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို **စာမျက်နှာ ၁၁ သို့** ✯



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)မှ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) တပ်မှူးက နေ့စဉ် ပြည်တွင်း၊ ပြည်ပ သတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်း သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects local training depot and Tatmadaw TV Broadcasting Unit (Taungnyo) in Taungnyo Station





Senior General Min Aung Hlaing delivers an address at a local training depot in Taungnyo Station.

NAY PYI TAW January 22

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander and officials, inspected local training depot and Tatmadaw TV Broadcasting Unit (Taungnyo) in Taungnyo Station, Nay Pyi Taw Command HQ, this morning.

At the meeting hall of the local training depot, the commandant reported on brief history, ongoing courses, farming activities, and welfare activities of the depot.



Senior General Min Aung Hlaing inspects the demonstration of a news broadcasting program.



Senior General Min Aung Hlaing inspects the demonstration of a news broadcasting program.

In response, the Senior General said the depot should apply means for the trainees to truly understand the theorical lessons and skillfully follow the training lessons. The results of fitness trainings should meet age-wise requirements. Constant research should be conducted on ever changing military strategies, weapons and military knowledge to broaden the scope of curricular. Trainees who are competent and able to shoulder defence and security duties skillfully must be produced.

The Senior General then looked around the exhibition halls and lecture halls of the depot and looked into the requirements of officials.

The Senior General met officers, other ranks, families and trainees at training department of the depot. As regards training, he said the current era witnesses the constant advancement of military technologies and military strategies, and trainees must continuously study them in accord with the motto "study, practice, compliance." Trainees must undergo constant practice sessions to be more skillful in the learned military methods and sciences.

Today is the age of technology. So, trainees must search and study general knowledge and related information for life improvement on the internet pages and books by applying

See Page - 21►►

►► From Page - 21

and a deterrent against wrong-doing. By adhering to the rules set forth by the military and embodying the values of a good soldier, individuals will be able to carry out their duties with a sense of pride and fulfillment within the environment they serve. With the exam period soon approaching, it is crucial to ensure that the necessary services are provided, enabling students to take their exams with peace of mind. He also emphasized the need of organizing youth-oriented courses, programs, and activities during the summer school holidays, aimed at enhancing national character and fostering greater knowledge.

Afterward, the Senior General presented food supplies to officers, other ranks, their families, and trainees from the training school, which were accepted by the Station Commander.

Following the meeting, the Senior General, along with members of his entourage, warmly greeted the attending officers, other ranks, and their families.

Subsequently, the Senior General and party visited the Tatmadaw Broadcasting Unit (Taungnyo), where they had lunch together with the officers, other ranks, and staff.

Later, at the meeting hall, the Commander of the Tatmadaw Broadcasting Unit (Taungnyo) presented an overview of the unit's history, implementation of the directives from the Chairman of the State Administration Council Commander-in-Chief of the Defence Services, and the completion of tasks. They also provided explanations about daily domestic and international news and various educational and engaging programs being broadcasted.

The Senior General commenting on the presentations, emphasized the importance of observing and learning from the broadcasting practices of other domestic and international news agencies. He highlighted the need to identify the strengths and weaknesses of their own broadcasting and work towards improving their programs. He urged the team to operate professionally and achieve their goals successfully. Furthermore, he stressed that the programs broadcasted should be interesting to the audience, catering to different age groups, including both adults and youth, with suitable programs and music. He stated that broadcasting is inherently a public relations activity and that the mission of the Directorate of Public Relations and Psychological Warfare is to **"inform, entertain, educate, and organize."** He pointed out that effective communication, entertainment, and education inherently contribute to organization efforts. Therefore, it is essential to carry out these activities effectively and ensure that they are beneficial. Broadcasting content that provides new knowledge and information is itself educational. Similarly, he emphasized the importance of broadcasting health awareness programs and ensuring they are accessible to all age groups. Given that the country primarily focuses on agriculture and live-stock, he called for the production and broadcast of programs that educate the public about these sectors. He urged that all assigned goals and responsibilities should be carried out systematically, addressing every detail, and striving to advance the broadcasting operations.



Senior General Min Aung Hlaing presents cash rewards for officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo) to the commander of the unit.

Following this, the Senior General and his entourage toured the Tatmadaw Broadcasting Unit (Taungnyo). They observed the filming of health awareness programs and news broadcasting demonstrations, inspected the operational status of the unit, and provided necessary guidance based on presentations by the respective department heads.

Then, the Senior General inspected the site chosen for the construction of the television museum and gave necessary instructions to officials.

Afterward, the Senior General delivered an address to officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo), saying Tatmadaw TV broadcasting units have gained experience to some extent in broadcasting and are required to further improve TV broadcasting by studying the works of other local and foreign TV stations. As today is the age of technology and AI, it is necessary to learn and make efforts constantly to keep up with the changing modern times.

Every country and individual are desirous of development and make efforts to move forward. We are required to make constant efforts for socioeconomic development of individuals and the country in accordance with the motto "Keep Moving Forward to Achieve Our Goal." Works can be improved by learning and exerting efforts constantly and reviewing strengths and weaknesses of one's works. The practice of learning must be cultivated into a habit and efforts must be made to keep up with the technologies and skills that are changing with the times.

It is necessary to carry out TV broadcasting operations broadmindedly and to perform duties in the interests of the county by broadcasting good concepts and knowledge necessary for the public. Wisdom and knowledge must be learnt and shared constantly. Broadcasting TV involves images and sound and care must be taken so that sound is correct and images are clear and flexible. Moreover, healthy habits must be cultivated. It is necessary to improve one's tasks by finding out ways and means for development of the entire operation. In conclusion, the Senior General discussed battalion building tasks such as training, administration, welfare and morale comprehensively.

After the meeting, the Senior General presented foodstuffs for officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo) to the commander of the unit.

Then, the Senior General presented cash rewards for officers, other ranks and staff of the unit to the commander. **100**

# More than 1,600 acres of croplands placed under green gram in Katha District

KATHA January 22

Katha District Department of Agriculture stated that a total of 1,600 acres of green gram in Katha District of Sagaing Region this cold season.

Local authorities plan to grow 2,000 acres of green gram this cold season but local farmers have planted 1,600 acres of crops.

U Myint Soe, Head of Katha District Department of Agriculture said: "Farmers have so far planted 1,600 acres of green gram against the target of 2,000 acres this cold season. Our department helped local farmers with agricultural techniques and pests."

Last year, Katha Township planted 395 acres of green gram, Indaw Township 400 acres, Htigyaing Township 511 acres and Bamauk Township 294 acres, totalling 1,600.

In 2024-2025 cold season, Katha Township earmarked cultivation of green gram on 530 acres of croplands, Indaw Township 435 acres, Htigyaing Township 525 acres and Bamauk Township 510 acres, totalling 2,000.

Relevant Departments of Agriculture cooperate with local farmers in distribution of quality strains of crops and agricultural inputs and post-harvest technology.

**SK**

# White sweet potato from Shan State popular in the domestic market

YANGON January 22

According to traders from Taunggyi Township, Korean sweet potato (white sweet potato) has been popular recently in the domestic market and most orders are placed from Yangon Region.

Mainly grown in Hopong, it is a Korean species sweet potato and it is softer than yellow sweet potato and purple sweet potato.

"It is a Korean species. It is mainly grown in Hopong. In last year, the plantation of the Korean sweet potato wasn't much as large as yellow and purple sweet potatoes, and wasn't popular much. But, the price is higher than yellow and purple sweet potatoes. Yangon is the top among our customers. Now, it has been more popular in the market and the number of consumers has also risen," said Ma Sandi Tayar, a vegetables and fruits retail and wholesale distributor from Taunggyi Township.

Last November, local species sweet potatoes received orders from Tachilek, Myeik and Bago and compared to yellow sweet potato, purple sweet potato trade increased as it is mainly used in making snacks.

**SK**

# Mystery illness kills over a dozen in Indian region

NEWDELHI January 22

A series of sudden deaths attributed to a mystery disease has struck a remote village in the Rajouri District of India's Jammu and Kashmir (J&K). The Ministry of Home Affairs has formed a special team to investigate the deaths in Badhal after the toll reached 17 on Sunday, India Today reported.

The illness, which first appeared in December, continues to pose a significant challenge to authorities. Jammu and Kashmir Chief Minister Omar Abdullah visited the village on Tuesday and assured locals that all their questions would be answered soon.

Initially, five unexplained deaths were reported in the village. One family has suffered the loss of eight members, including six children, local media reported. The latest victim, a girl named Yasmeen, died on Sunday evening after being placed on ventilator support at a state-run hospital in Jammu.

J&K police have launched a Special Investigation Team (SIT) to probe the criminal conspiracy angle, questioning suspects and examining their mobile data. However, no breakthroughs have been reported thus far.

Lieutenant Governor Manoj-Sinha, addressing the media, said that central and state administrations are working to uncover the causes of the deaths. He highlighted the formation of the inter-ministerial team and the SIT, expressing confidence that the investigation would soon yield results.

Regional authorities have reportedly sealed a local water spring, known as 'Bawli', after samples tested positive for pesticides and insecticides. The additional deputy commissioner of the region has also issued an order blocking access of local residents to the spring. Experts from medical institutions, including the Indian Institute of Virology in Pune, PGI Chandigarh, and the All India Institute of Medical Studies (AIIMS) Delhi, have joined the investigation efforts and collected samples from the affected area. **RT**

# Hundreds evacuated after building partially collapses in Sydney



SYDNEY January 22

Hundreds of people have been evacuated after a building partially collapsed at a construction site in Sydney, the capital city of Australia's state of New South Wales (NSW).

Australia's 9News network reported that emergency services were called to a site in the suburb of Burwood, about 10 km west of central Sydney when the 10-storey building slated for demolition partially collapsed onto an excavator at around 3 p.m. local time on Wednesday.

Workers and residents in adjacent buildings have been evacuated as a precaution.

An operator inside the excavator is able to get out but has been told to stay inside the machinery to help stabilize the structure. Earlier reports from emergency crews indicated the man was trapped.

Josh Turner from Fire and Rescue NSW told 9News network that the operator is in an enclosed cabin and is not at risk of injury.

He said that there is a risk the building could collapse onto public roads and injure people.

Specialist crews have been deployed to the scene to safely manage the fallen sections of the building.

**Xinhua**

# China, Sri Lanka renew currency swap agreement

BEIJING January 22

The People's Bank of China (PBOC), the country's central bank, has renewed a bilateral currency swap agreement with the Central Bank of Sri Lanka.

The total value of the agreement is 10 billion yuan (about 1.39 billion U.S. dollars), or 410 billion Sri Lankan rupees, the PBOC said in a statement on its website.

The agreement is valid for three years and can be renewed upon mutual consent, according to the statement.

The currency swap arrangement will strengthen financial cooperation between China and Sri Lanka, expand the use of these two currencies, and promote and facilitate bilateral trade and investment, the statement added. **Xinhua**

# Two dead, including child, in knife attack in southern Germany

BERLIN January 22

A knife attack in the Bavarian city of Aschaffenburg on Wednesday claimed the lives of two individuals, including a child and a man, while leaving two others severely injured.

The incident occurred around 11:45 a.m. local time in a downtown park. Police have arrested a suspect, although further details about the attack remain unclear.

An investigation is underway, and authorities are appealing for witnesses to come forward, according to reports from German media. **Xinhua**



Two dead, including child, in knife attack in southern Germany.

# Over 1,100 aid trucks sent to Gaza via Rafah crossing

CAIRO January 22

A total of 1,114 trucks of humanitarian aid have so far been sent to the Gaza Strip via the Rafah crossing since the border was reopened Sunday, Egypt's Al-Qahera News TV channel reported on Wednesday.

A convoy of 174 trucks of humanitarian aid, including 14 trucks carrying fuel, was sent on Wednesday, the fourth day of a truce between Israel and Hamas, into the Gaza Strip via the Rafah crossing, the report added.

The Rafah crossing is a vital entry point for international aid destined for Gaza. Israel has controlled the Palestinian side of the crossing since May 2024 and reopened it under the terms of the ceasefire.

Meanwhile, an Egyptian security source and another one with the Egyptian Red Crescent told Xinhua that Egypt has sent dozens of heavy machines to rehabilitate the roads around the crossing, as well as those leading to Palestinian cities nearby, to facilitate the delivery of aid trucks and the reception of wounded Palestinians from Gaza. **Xinhua**

►► From Page - 18

technological skill to enhance their individual capacity. The habit of reading and learning is much helpful for efficiency. They must take lessons through evaluation and combination of their knowledge and experiences.

Administrators must systematically discharge their administrative duties in their responsible areas and must carry out welfare undertakings for the depot to the most possible degree. They must fulfil the individual rights of soldiers appropriately and look into the requirements of subordinates. Excellent military discipline, administration and support will enhance morale.

Today is an era of education, and only through education can one acquire skills.Tatmadaw is establishing educational training schools to enhance the education of its personnels. Additionally, it actively promotes the education of Tatmadaw families' children and recognizes outstanding academic achievers.

In terms of welfare, while the Tatmadaw provides various welfare services, we can also manage our financial expenses and achieve welfare by cutting back on unnecessary spending. He emphasized the importance of distinguishing between spending and wasting to maintain a balance between income and expenditure. He also noted that welfare provisions have been made, along with the implementation of Tatmadaw-owned farming projects.It is essential for each management leader to implement this systematically, with subordinates following the same approach.



Senior General Min Aung Hlaing delivers an address to officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo).




Senior General Min Aung Hlaing inspects the demonstration of shooting a health education program in Tatmadaw TV Broadcasting Unit (Taungnyo).



Senior General Min Aung Hlaing enjoys lunch with officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo).

Military personnels join the forces to carry out national defense and security duties, motivated by their own commitment, without any external encouragement.Our military personnel have carried out their assigned duties with great sacrifices, serving the nation and its people.

He stated that our military personnel have fulfilled their assigned duties with great sacrifices for the benefit of the country and the people. Just as officers and soldiers are diligently carrying out national defense and security duties on the front lines, their families are also living and fulfilling their responsibilities in accordance with their respective forces.He stated that he also recognizes and honors the service rendered to the nation and the people by all those responsible for national defense and security. Our country's current population is approximately 52 million, with 47 percent male and 53 percent female. Of this population, only a small number have joined the military and are able to perform the noble duties of national defence and security. Therefore, he emphasized the need to honor and value military service, as it is a challenging responsibility that the public cannot easily undertake.It is essential to take pride in the lives of our military personnel who carry out their noble duties in service to the nation and its people, while ensuring the fulfillment of the responsibilities entrusted to them.

Discipline serves as both an encouragement to act rightly

See Page - 19 ►►

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ထရမ့်လက်ထက်တွင် ပိုမိုပြင်းထန်လာနိုင်သည့် အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှု

နိုင်အောင်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်ရေးတင်းမာမှုများသည် ပိုမိုပြင်းထန်လာဖွယ်ရှိသည်။

အကြောင်းမှာ အမေရိကန်ပြည်ထောင်စုအတွင်းသို့ တင်သွင်းလာမည့် တရုတ်ကုန်ပစ္စည်းများအပေါ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အခွန် ၁၀ ရာခိုင်နှုန်းကောက်ခံရန် ရည်ရွယ်ထားသည်ဟု ထရမ့်က ဇန်နဝါရီလ ၂၁ ရက်တွင် အိမ်ဖြူတော်အတွင်း၌ ပြောကြားခဲ့ခြင်းကြောင့်ဖြစ်သည်။

တရုတ်ကုန်ပစ္စည်းများအပေါ် အခွန် ၁၀ ရာခိုင်နှုန်းကောက်ခံရခြင်းမှာ တရုတ်နိုင်ငံသည် ၎င်းတို့၏ အကိုက်အခဲပျောက်ဆေးအဖြစ်အသုံးပြုနိုင်သည့် fentanyl ဆေးဝါးများကို ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့သို့ တင်ပို့ပြီးနောက် အမေရိကန်ပြည်ထောင်စုအတွင်းသို့ပြန်လည်တင်သွင်းလာခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ထရမ့်ကဆိုသည်။

ထို့ပြင် တရုတ်နိုင်ငံမှ fentanyl ဆေးဝါးများကို တင်သွင်းခွင့်ပြုခဲ့သည့် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့အပေါ် လက်တုံ့ပြန်ရန် ထရမ့်ကစီစဉ်ထားပြီး ယင်းနှစ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဟု ပြောကြားထားသည်။

ထရမ့်သည် ၎င်း၏ ပထမသမ္မတသက်တမ်းအတွင်းမှာပင် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ဒေါ်လာ ၃၀၀ ဘီလီယံ တန်ဖိုးရှိကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပြီးဖြစ်သည်။

ယင်းနောက် သမ္မတအဖြစ်တက်ရောက်လာသည့် ဂျိုးဘိုင်ဒင်လက်ထက်တွင် အဆိုပါအခွန်ကောက်ခံမှုများကို အပြီးသတ်ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် ဘိုင်ဒင်အစိုးရက တရုတ်နိုင်ငံမှထုတ်လုပ်သည့် လျှပ်စစ်ကားများ၊ ဆိုလာဆဲလ်များ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အဆင့်မြင့်ဘက်ထရီများအပေါ် ထပ်မံ၍ အခွန်တိုးမြှင့်ကောက်ခံခဲ့သည်။

ထို့ကြောင့် ယခုထရမ့် သမ္မတအဖြစ် ပြန်လည် တက်ရောက်လာပြီးနောက် တရုတ်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းသည် အဆိုပါနိုင်ငံများမှ လက်တုံ့ပြန်မှုများကို ဖြစ်ပေါ်လာစေနိုင်သည်ဟု စီးပွားရေးပညာရှင်များကသတိပေးထားသည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲ သို့မဟုတ် ကုန်သွယ်ရေးသဘောထားကွဲလွဲမှုသည် ငွေကြေးဖောင်းပွမှုကိုပြန်လည်ဖြစ်ပေါ်စေပြီး နှေးကွေးနေသည့် အမေရိကန်စီးပွားရေးတိုးတက်မှုကိုပါ ထိခိုက်စေနိုင်သည်ဟု ဆက်လက်သတိပေးထားသည်။

သို့သော် ထရမ့်သည် ၎င်းသမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီး တစ်နေ့တည်းမှာပင် အမေရိကန်နှင့်ချုပ်ထားသည့် ကုန်သွယ်ရေးသဘောတူညီချက်များ၊ ကုန်သွယ်ရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို လေ့လာရန် အဖွဲ့အစည်းအများအပြားကို ညွှန်ကြားခဲ့သည်။ ရည်ရွယ်ချက်မှာ လာမည့်အနာဂတ်ကာလတွင် အခွန်များဆက်လက်တိုးမြှင့်ကောက်ခံရန်ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံကြား သဘောထားကွဲလွဲမှုများကို ကောင်းမွန်စွာဖြေရှင်းနိုင်ရန်နှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်အတွက် အမေရိကန်အစိုးရနှင့် ဆက်သွယ်မှုများကို ဆက်လက်ထိန်းသိမ်းမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

ကုန်သွယ်ရေးစစ်ပွဲ သို့မဟုတ် အခွန်စစ်ပွဲတွင် အနိုင်ရရှိသူမရှိဟု တရုတ်နိုင်ငံက အစဉ်အမြဲ ယုံကြည်လျက်ရှိပြီး တရုတ်အနေဖြင့် နိုင်ငံ၏အကျိုးစီးပွားများကို အခိုင်အမာကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မောင်နင်းက တုံ့ပြန်ပြောကြားထားသည်။

ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုအတွင်း fentanyl ဆေးဝါးများတင်သွင်းမှုနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍရပ်များနှင့်စပ်လျဉ်း၍ ပြောဆိုဆွေးနွေးခဲ့ကြသည်။

ထရမ့်သည် ၎င်း၏ပထမသက်တမ်းအတွင်း၌ အမေရိကန်-တရုတ်ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအား ပြစ်တင်ဝေဖန်ခဲ့သည်။ တရုတ်အစိုးရအနေဖြင့် အမေရိကန်၏စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များဝယ်ယူရေးအပါအဝင် နှစ်နိုင်ငံကြား ချုပ်ထားသည့် သဘောတူညီချက်ပါ အချက်အလက်များအား လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ထရမ့်ကပြောကြားခဲ့သည်။

ထို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် တရုတ်နှင့် လက်မှတ်ရေးထိုးသည့် သဘောတူညီချက်အတိုင်း အမေရိကန်မှထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား စတင်ဝယ်ယူရန် တရုတ်ကုမ္ပဏီများကို တိုက်တွန်းမည်ဟု ထရမ့်၏ ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ပြောကြားထားသည်ကိုတွေ့ရသည်။

ထို့ပြင် ပြီးခဲ့သည့် လေးနှစ်အတွင်း တစ်နည်းအားဖြင့် ဂျိုးဘိုင်ဒင်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တရုတ်ကုမ္ပဏီက အမေရိကန်မှဝယ်ယူရန် သဘောတူထားသည့် ကုန်ပစ္စည်းများအတွက်ကာမိစေရန်ထရမ့်၏ယခုသက်တမ်းအတွင်း အမေရိကန်မှထုတ်လုပ်သည့် ကုန်ပစ္စည်းများကိုပိုမိုဝယ်ယူရန်အမေရိကန်အစိုးရက ဖိအားပေးတောင်းဆိုရန်စီစဉ်ထားခြင်းကြောင့် အမေရိကန်နှင့် တရုတ်တို့ကြား အဆုံးမသတ်နိုင်သည့် ကုန်သွယ်ရေးတင်းမာမှုသည် ထရမ့်လက်ထက်တွင် ပိုမိုပြင်းထန်လာမည့် အလားအလာရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

S.T

# ပထမဆုံးသော Type 054B ဖရီးဂိတ်စစ်သင်္ဘောအား တရုတ်တပ်တော်ဝင်



ချင်းတောင်၊ စစ်လက်နက်နည်းပညာ

တရုတ်နိုင်ငံသည် ၎င်းတို့၏ ပထမဆုံးသော Type 054B အမျိုးအစား ဖရီးဂိတ်စစ်သင်္ဘောအား ဇန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)တွင် တပ်တော်ဝင်ခဲ့ကြောင်းသိရသည်။

Luohe ဟုအမည်ပေးထားသည့် အဆိုပါစစ်သင်္ဘောအား နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် ချင်းတောင်မြို့ရှိ စစ်ဘက်သုံးဆိပ်ကမ်းတစ်ခု၌ တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

Luohe စစ်သင်္ဘောသည် အလေးချိန်အားဖြင့် တန်ချိန်ပေါင်း ၅၀၀၀ ခန့်ရှိပြီး ၎င်းမျိုးဆက်သစ် ဖရီးဂိတ်စစ်သင်္ဘောအား တရုတ်နိုင်ငံက ပြည်တွင်းဖြစ်စစ်ရေယာဉ်အဖြစ် ဒီဇိုင်းထုတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်ရေယာဉ်တွင် ရေဒါရှောင်ကွင်းနိုင်သောနည်းပညာ၊ တိုက်ခိုက်ရေးကွပ်ကဲမှုစနစ်များ၊ ပစ်အားပေါင်းစပ်မှုစသည့် အဆင့်မြှင့်တင်မှုများတပ်ဆင်ထားပြီး အဘက်ဘက်မှစွမ်းဆောင်ရည် သိသိသာသာတိုးမြှင့်ထားသည့်စစ်ရေယာဉ်တစ်စင်းဖြစ်ကြောင်းသိရသည်။

Luohe စစ်သင်္ဘောသည် ကျယ်ပြန့်သော တိုက်ခိုက်ချေမှုန်းရေးဆိုင်ရာ စစ်ဆင်ရေးများနှင့် အမျိုးမျိုးသောစစ်ဆင်ရေးများအတွက် ထက်မြက်သော စွမ်းဆောင်ရည်များပိုင်ဆိုင်ထားခြင်းကြောင့် ရေတပ်အထူးတပ်ဖွဲ့များ၏ ဘက်စုံတိုက်ခိုက်ရေးစွမ်းရည်ကိုမြှင့်တင်ရာ၌ အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။

Xinhua

# ယူကရိန်းပဋိပက္ခအား ရက်ပေါင်း ၁၀၀ အတွင်း အဆုံးသတ်စေရေး လုပ်ဆောင်ရန် ယူကရိန်းဆိုင်ရာ အမေရိကန်အထူးသံတမန်အား ထရမ့်ညွှန်ကြား

မော်စကို၊ စစ်ရေး

ယူကရိန်းပဋိပက္ခအား ရက်ပေါင်း ၁၀၀ အတွင်း အဆုံးသတ်စေရေး လုပ်ဆောင်ရန်အသစ်ခန့်အပ်ခံထားရသည့် ယူကရိန်းဆိုင်ရာ အမေရိကန်အထူးသံတမန် ကိကယ်လော့အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားလိုက်ကြောင်း နယူးယောက်မြို့အခြေပြု မီဒီယာတစ်ခုက ဇန်နဝါရီလ ၂၂ ရက်တွင် ဖော်ပြသည်။

ထို့ပြင် ယူကရိန်းအရေးကို အဆုံးသတ်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်သည့် လုပ်ငန်းစဉ်ကိုလည်း ထရမ့်ကိုယ်တိုင် ကြီးကြပ်ရန်ဆန္ဒရှိနေကြောင်း The Wall Street Journal က ဖော်ပြထားသည်။

သို့သော် ယူကရိန်းပဋိပက္ခကို ရက်ပေါင်း ၁၀၀ အတွင်းအဆုံးသတ်ရေးကို ကိကယ်လော့အနေဖြင့် လုပ်ဆောင်နိုင်မည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ မထင်ထားကြောင်း The Wall Street Journal တွင် ဆက်လက်ဖော်ပြထားသည်။

ကိကယ်လော့သည် ဗီယက်နမ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပြီး အမေရိကန်စစ်ဘက်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်အထိ တက်လှမ်းနိုင်ခဲ့သူဖြစ်သော်လည်း ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် သံတမန်နည်းလမ်းအရ ခက်ခဲသည့်စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်ရန် လိုအပ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခံထားရသည့် မာကိုရူဘီယိုက ပြောကြားထားသည်။

ထရမ့်အနေဖြင့် ယူကရိန်းပဋိပက္ခကို တစ်ရက်အတွင်း အပြီးသတ်ဖြေရှင်းနိုင်သည်ဟု ရွေးကောက်ပွဲမဲဆွယ်သည့်ကာလအတွင်းကလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးကြောင်းသိရသည်။

Ref: RIA

# အတုံ့အလှည့်အဖြစ် ဗင်နီဇွဲလားသံရုံးမှ သံအမှုထမ်းများအား ၅ ရက်အတွင်း နိုင်ငံအတွင်းမှထွက်ခွာရန် ပြင်သစ်ညွှန်ကြား



**ပဲရစ်၊ နိုင်ငံရေး**

ဗင်နီဇွဲလားအစိုးရက ပြင်သစ်နှင့်အခြား ဥရောပသံတမန်များအား နိုင်ငံအတွင်းမှ ထွက်ခွာရန် အမိန့်ပေးမှုကို တုံ့ပြန်သည့် အနေဖြင့် ပြင်သစ်နိုင်ငံက နိုင်ငံအတွင်းရှိ ဗင်နီဇွဲလားသံရုံးမှ သံအမှုထမ်းအချို့ကို ၅ ရက်အတွင်း နိုင်ငံအတွင်းမှ ထွက်ခွာသွားကြရန် ဇန်နဝါရီလ ၂၂ ရက်တွင် ညွှန်ကြားခဲ့ကြောင်းသိရသည်။

ပြင်သစ်အစိုးရ၏ လုပ်ဆောင်ချက်သည် ဗင်နီဇွဲလားနိုင်ငံက ဇန်နဝါရီလ ၁၄ ရက်တွင် ကရားကက်မြို့ရှိ ပြင်သစ်သံရုံးမှသံအမှုထမ်းဦးရေကို လျှော့ချခဲ့ခြင်းအပေါ် တုံ့ပြန်ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားနိုင်ငံတွင် သမ္မတနီကိုလပ် မာဒူရိုက ၎င်း၏တတိယမြောက်သက်တမ်း အတွက် ကျမ်းသစ္စာကျိန်ဆိုမှုပြုခြင်းအပေါ် ရန်လိုသည့် တုံ့ပြန်မှုများလုပ်ဆောင်ခဲ့မှု ကြောင့် ဗင်နီဇွဲလားအစိုးရက ပြင်သစ်၊ အီတလီနှင့် နယ်သာလန် သံတမန်အရေ အတွက်ကို ၃ ဦးအထိလျှော့ချခဲ့ပြီး သံအမှု ထမ်းအချို့ကို နိုင်ငံအတွင်းမှ ထွက်ခွာရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြင်သစ် အစိုးရက ပဲရစ်မြို့ရှိဗင်နီဇွဲလားအဆင့်မြင့် သံတမန်တစ်ဦးအားဆင့်ခေါ်၍ ကန့်ကွက် ခဲ့ပြီး ပြင်သစ်အနေဖြင့် လက်တုံ့ပြန်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလားတူပင် နယ်သာလန် အစိုးရ ကလည်း ဗင်နီဇွဲလားနိုင်ငံ၏ လုပ်ဆောင် ချက်ကို တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့နိုင်ငံ အတွင်းရှိဗင်နီဇွဲလားသံတမန်အရေအတွက် ကို ၄ ဦးမှ ၂ ဦးအထိ လျှော့ချခဲ့ကြောင်းသိရ သည်။

**Ref: ST**

# ဂျပန်နိုင်ငံတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၅ သန်းခန့်ကိုသုတ်သင်ရှင်းလင်းခဲ့ရ



**တိုကျို၊ ကျန်းမာရေး**

ဂျပန်နိုင်ငံသည် ကြက်၊ ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုမြင့်တက်ခြင်းနှင့် ရင်ဆိုင် နေရပြီး ယခုလတစ်လအတွင်းမှာပင် ကြက်ကောင်ရေ ၅ သန်းခန့်ကို သုတ်သင် ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်းမှာပင် မိုရီယိုကာမြို့ရှိ မွေးမြူရေးခြံနှစ်ခုတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါထပ်မံဖြစ်ပွား ခြင်းကြောင့် အာဏာပိုင်များက အီဝါတေး စီရင်စုအတွင်း ရောဂါပိုးကူးစက်မှု တုံ့ပြန် တားဆီးရေးအတွက် လုပ်ဆောင်ခဲ့ရ ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန် သည်။

ယခုအခါ နိုင်ငံအတွင်းရှိ စီရင်စု ၅ ခု အတွင်း ရောဂါပိုးကူးစက်မှုဖြစ်ပွားသည့် မွေးမြူရေးခြံ ၂၆ ခုမှကြက်နှင့်ဘဲကောင်ရေ ၅ သန်းခန့်ကို အာဏာပိုင်များက သုတ်သင် ရှင်းလင်းခဲ့ရသည်။ ထို့ပြင် ရောဂါပိုး ကူးစက်မှုသည် နှေးကွေးမည့်အလား အလာမရှိဘဲ ပိုမိုဆိုးရွားလာနိုင်ကြောင်း ဝန်ကြီးဌာနက သတိပေးထားသည်။

ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးကူးစက် မှုများကြောင့် ကြက်ဥဈေးနှုန်းသည် ယခုနှစ်အစပိုင်းမှစ၍ ၁၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# Galaxy Leader ရေယာဉ်မှ အမှုထမ်းများကို ဟူသီသူပုန်အဖွဲ့က ပြန်လွှတ်ပေး

အစ္စရေးနှင့် ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချမှတ်မှုကို ထောက်ခံသည့်အနေဖြင့် ယီမင်ရှိ ဟူသီသူပုန်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် Galaxy Leader ရေယာဉ်မှ အမှုထမ်းများကို ပြန်လွှတ်ပေးလိုက်ကြောင်း အဆိုပါ သူပုန်အဖွဲ့က ဇန်နဝါရီလ ၂၂ ရက်တွင် ထုတ်ပြန်သည်။

Galaxy Leader ရေယာဉ်သည် ကုန်တင်သင်္ဘောတစ်စင်းဖြစ်ပြီး ၎င်းသင်္ဘောအား ဟူသီသူပုန်အဖွဲ့က ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အဆိုပါသင်္ဘောမှ အမှုထမ်းများအား အိုမန်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် သူပုန်အဖွဲ့က ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

**Ref: Xinhua**

# ဂျပန်နိုင်ငံ နာဂါနိုဘူတာတွင် ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွား

ဂျပန်နိုင်ငံ နာဂါနိုဘူတာတွင် ဇန်နဝါရီလ ၂၂ ရက်က ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားရာ တစ်ဦးမှာဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်း NHK သတင်းဌာနကဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဓားကိုင်ထားသည့် အမျိုးသားတစ်ဦးက အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့အား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ တိုက်ခိုက်မှုအတွင်း တစ်ဦးမှာ ဒဏ်ရာ ပြင်းထန်ပြီး အခြားတစ်ဦးဖြစ်သူ အသက် ၄၀ ကျော်အမျိုးသမီးတစ်ဦးကိုလည်း ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြသည်။

တိုက်ခိုက်သူမှာ အသက် ၄၀ ကျော်အရွယ်ရှိပြီး တိုက်ခိုက်ပြီးနောက် အခင်းဖြစ်ပွား ရာမှ ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းအမျိုးသားသည် ဘတ်စကားမှတ်တိုင်တွင် စောင့်ဆိုင်းနေခဲ့ကြောင်းနှင့် ယခုအခါ ၎င်းအား ရဲတပ်ဖွဲ့ကလိုက်လံရှာဖွေလျက် ရှိကြောင်းသိရသည်။

**Ref: Xinhua**

# အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် မီးရထား မတော်တဆမှုဖြစ်ပွား၊ အနည်းဆုံး လူ ၁၁ ဦးသေဆုံး

အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဇန်နဝါရီလ ၂၂ ရက်က မီးရထားမတော်တဆမှု ဖြစ်ပွားရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံးသွားကြောင်း ANI သတင်းအေဂျင်စီက ထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် မဟာရက်ထရာပြည်နယ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး မီးရထားပေါ်ရှိအရေးပေါ်သတိပေးကြိုးကို တစ်စုံတစ်ဦးကဆွဲလိုက်ခြင်းကြောင့် ရထား ပေါ်ရှိ ခရီးသည်များက ရထားပေါ်မှနေ၍ ကြောက်လန့်တကြားဖြင့် အခြားမီးရထား လမ်းပေါ်သို့ ဆင်းပြေးရာမှ တစ်ဖက်မှလာနေသည့် ခရီးသည်တင်မီးရထားတစ်စင်းက ၎င်းတို့အား ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း မီးရထားအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

အဆိုပါမတော်တဆမှုအတွင်း လူ ၅ ဦးဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့နှင့် လူနာတင်ယာဉ်များအား ပို့ဆောင်ပေးခဲ့ကြောင်း ပြည်နယ် အစိုးရက ထုတ်ပြန်ထားသည်။

**Ref: ST**

# နှစ်နိုင်ငံကြား နိုင်ငံသုံးငွေကြေးလဲလှယ်ရေးသဘောတူညီချက်အား တရုတ်နှင့်သီရိလင်္ကာ သက်တမ်းထပ်မံတိုးမြှင့်

**ပေကျင်း၊ စီးပွားရေး**


တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့ သည် နှစ်နိုင်ငံကြား နိုင်ငံသုံးငွေကြေး လဲလှယ်ရေး သဘောတူညီချက်အား သက်တမ်းထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

နှစ်နိုင်ငံကြား နိုင်ငံသုံးငွေကြေး လဲလှယ်ရေးသဘောတူညီချက်သက်တမ်း တိုးခြင်းကို တရုတ်ဗဟိုဘဏ်နှင့်သီရိလင်္ကာ ဗဟိုဘဏ်တို့ကြား လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး လဲလှယ်ရန်သဘောတူထားသည့် စုစုပေါင်းတန်ဖိုးမှာ ယွမ် ၁၀ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံ) သို့မဟုတ် သီရိလင်္ကာရူပီး ၄၁၀ ဘီလီယံဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ထုတ်ပြန်သည်။

အဆိုပါနိုင်ငံသုံးငွေကြေးလဲလှယ်ရေး သဘောတူညီချက်သည်သက်တမ်းအားဖြင့် သုံးနှစ်ဖြစ်ပြီး နှစ်နိုင်ငံစလုံး၏ သဘော တူညီမှုဖြင့် ထပ်မံသက်တမ်းတိုးနိုင် ကြောင်း တရုတ်ဗဟိုဘဏ်၏ထုတ်ပြန် ချက်တွင်ဖော်ပြထားသည်။

တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့ကြား ယခုသက်တမ်းထပ်မံတိုးခဲ့သည့် နိုင်ငံသုံး ငွေကြေးလဲလှယ်ရေးသဘောတူညီချက် သည် နှစ်နိုင်ငံကြားလုပ်ဆောင်သည့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမို အားကောင်းစေနိုင်ပြီး ယွမ်နှင့် သီရိ လင်္ကာရူပီးငွေကြေးများ အသုံးပြုမှုကိုပါ တိုးမြှင့်ပေးနိုင်သည့်အပြင် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကိုပါ ပိုမိုလွယ်ကူစေနိုင်ကြောင်း သိရ သည်။

**Ref: Xinhua**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့်သင် ဆရာ၊ ဆရာမများအတွက် ဆရာများတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂



၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့်သင် ဆရာ၊ ဆရာမများအတွက် ဆရာများတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ကို နားလည်သဘောပေါက်စေရန်၊ အညွှန်းဘောင်ပါ ပညာရပ်နယ်ပယ် တစ်ခုချင်းစီအလိုက် ရည်ရွယ်ချက်နှင့်ဖွဲ့စည်းပုံကို ရင်းနှီးကျွမ်းကျင်စေရန်၊ ဆရာလမ်းညွှန်ပါ သင်ခန်းစာများကို အညွှန်းဘောင်နှင့် ချိတ်ဆက်တတ်ရန်၊ အညွှန်းဘောင်နှင့်ချိတ်ဆက်၍ သင်ခန်းစာ ပြင်ဆင်ခြင်း၊ သင်ကြားခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်း စသည့်လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်တတ်ရန်၊ သုံးသပ်ချက်များမှ တစ်ဆင့် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်တတ်ရန် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Frame-work–TCSF)နှင့် သင်ရိုးသစ်သင်ရိုးညွှန်းတမ်းတို့ကို ချိတ်ဆက်ပြီး သင်ကြားနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ရာ အလယ်တန်းဆင့်သင်ရိုးသစ်၏ သင်ပြနည်းများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ထိရောက်စွာ ပြန်လည်သင်ကြားနိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ TCSF ၏ စံနှုန်းများကို လေ့လာပြီး ကျောင်းသားများအတွက် အကျိုးရှိသည့် သင်ကြားရေးနည်းလမ်းများနှင့် သင်ခန်းစာပါအကြောင်းအရာများကို အကောင်းဆုံးပုံစံဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ပြီး မိမိတို့၏သင်ကြားမှုများကိုလည်း ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက်အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာအလယ်တန်းဆင့်သင် (အသစ်ဝင်စ) ဆရာ၊ ဆရာမများအတွက် ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့်နည်းပြသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းကို အစီအစဉ်အတိုင်း စတင်ဖွင့်လှစ်သည်။

ယခုသင်တန်းသို့ တိုင်းဒေသကြီး၊ပြည်နယ်များမှ လုပ်သက် ၅ နှစ်နှင့်အထက် အလယ်တန်းဆင့်သင် ဆရာ၊ ဆရာမ ၁၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ ၃ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီးတွင် အောက်ချင်းငှက်မျိုးစိတ် ၉ မျိုး ကျက်စားနေထိုင်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံတွင် အောက်ချင်းငှက်မျိုးစိတ် ၁၁ မျိုး ရှင်သန်ကျက်စားလျက်ရှိပြီး ယင်းမျိုးစိတ်များမှ အောက်ချင်းငှက်မျိုးစိတ် ၉ မျိုးသည် တနင်္သာရီတိုင်းဒေသကြီးတွင် ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကမ္ဘာပေါ်တွင် အောက်ချင်းငှက်၊ အောင်လောင်နှင့် ဂေါ်ရင်ငှက်မျိုးစိတ်များ လျော့နည်းလာလျက်ရှိပြီး အချို့မှာ မျိုးတုံးပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက် မြန်မာနိုင်ငံရှိ အောက်ချင်းငှက်မျိုးစိတ် ၁၁ မျိုးကို သစ်တောဦးစီးဌာနမှ လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်ငှက်မျိုးစိတ်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် အောက်ချင်းမြီးရှည်(Helmted Hornbill)ကို မျိုးတုံးလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ်လည်းကောင်း၊ အောက်ချင်းခေါင်းဖြူ (White – crowned Hornbill)ကို မျိုးတုံးရန်အန္တရာယ်ရှိသော မျိုးစိတ်အဖြစ်လည်းကောင်း၊ အောက်ချင်းမဲ(Black Hornbill)၊ အောင်လောင်(Great Hornbill)၊ အောက်ချင်းလည်နီ (Rufous–necked Hornbill)၊ အောက်ချင်းလည်ဝါ(Wreathrd Hornbill)နှင့် ဂေါ်ရင်(Plain–pouched Hornbill) တို့ကို မျိုးတုံးရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ်လည်းကောင်း ကာကွယ်ထိန်းသိမ်းလျက်ရှိပြီး အောက်ချင်းညို (Tickell's Brown Hornbill)နှင့် (Austen's Brown Hornbill) မျိုးစိတ်၊ အောက်ချင်းမျက်ကွင်းဖြူ(Bushy–crested Hornbill) နှင့် အောက်ချင်းငှက်(Oriental Pied Hornbill) တို့ကို မျိုးတုံးရန် အန္တရာယ်နည်းပါးသောမျိုးစိတ်(Least Concern) အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။



အဆိုပါငှက်မျိုးစိတ်များသည် သစ်ပင်အခေါင်းပေါက်များတွင် အသိုက်ဆောက်နေထိုင်သော ငှက်အမျိုးအစားဖြစ်ပြီး သစ်တော၊ သစ်ပင်ကြီးများပေါများရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမတို့တွင် ကျက်စားနေထိုင်ကြကာ တနင်္သာရီတိုင်းဒေသကြီး၌ အများဆုံး ရှင်သန်ကျက်စားလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် မျိုးတုံးပျောက်ကွယ်ရန် ရင်ဆိုင်နေရသည့် အောက်ချင်းငှက်မြီးရှည်များ တနင်္သာရီတိုင်းဒေသကြီးတွင် ကျက်စားလျက်ရှိသည့်အတွက် သစ်တောဦးစီးဌာနသည် အောက်ချင်းမြီးရှည် ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး သစ်တောကြိုးဝိုင်းများတွင် အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး

ညိမ်းသူ(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၈၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## (၂၂-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့်ညအပူချိန်များ

၂၂–၁–၂၀၂၅

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟဲဟိုး | ၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |

# ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ ဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှု



နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာဦးစီးဌာနမှဆောင်ရွက်နေသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေ ဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်နေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးမှ သာယာစုကျေးရွာချင်းဆက်လမ်းအောက်ခံကျောက်လမ်းပြုပြင်ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာအနီးရှိ ဆောင်းသီးနှံမတ်ပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ ကွင်းအမှတ်(၁၆၂၃-က)ရှိ ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ တောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်ရှိ ဆင်ဖြူရှင်တောရပရိယတ္တိစာသင်တိုက် မြေထိန်းနံရံတည်ဆောက်နေမှုကိုလည်းကောင်း၊၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် တပင်ရွှေထီးရပ်ကွက် ခရေလမ်းကွန်ကရစ်လမ်းခင်းနေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းမကြီးနှင့် မြို့ပတ်လမ်းတို့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပသည့်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေးထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။



အဆိုပါ SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee) (၁/၂၀၂၅) အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများဖြစ်သော PFI ဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ SME လုပ်ငန်းရှင် ၆၆၃ ဦးသို့ ချေးငွေကျပ် ၁၅၇ ဒသမ ၂၄၃ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်း အဆင့်-၂ တွင် ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ SME လုပ်ငန်းရှင် ၁၉၃၆ ဦးသို့ ချေးငွေကျပ် ၃၈၇ ဒသမ ၅၄၃ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း။

လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ယနေ့ဆွေးနွေးသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်အကျုံးဝင်သည့် SME လုပ်ငန်းများထံသို့ အတိုးနှုန်းသက်သာသည့် SME နှစ်ဆင့်ချေးငွေများရောက်ရှိစေရေးနှင့် ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း၊ ယခုစီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်သည့်အပြင် SME လုပ်ငန်းများအတွက်လည်း များစွာအကျိုးကျေးဇူးဖြစ်ထွန်းကြောင်း၊ နိုင်ငံတော်မှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေချိန် ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ချေးငွေများကို ပြန်လည်ပေးဆပ်သည့်အချိန်တွင် အပြည့်အဝပြန်လည်ရရှိရန်လိုအပ်ကြောင်း၊ ချေးငွေအသစ်များကို ထုတ်ချေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများ၊ မူဝါဒများနှင့်ကိုက်ညီစေရန် စနစ်တကျစိစစ်ထုတ်ချေးရန်လိုအပ်ကြောင်း။

ထို့အတူ ရန်ပုံငွေစီမံခန့်ခွဲခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်နေကြသည့်ငွေတိုက်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် (စီမံကိန်းကြီးကြပ်မှုအဖွဲ့)နှင့် လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက SME နှစ်ဆင့်ချေးငွေ စည်းမျဉ်း/စည်းကမ်းများ၊ နိုင်ငံတော်မှချမှတ်ထားသည့် ဦးစားပေးကဏ္ဍများ၊ ကိုက်ညီသည့် SME လုပ်ငန်းများသို့ တိုးမြှင့်ထုတ်ချေးနိုင်ရေးနှင့် ပိုမိုထိရောက်စွာ သုံးစွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်တွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်းမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၂

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်းမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စီမံကိန်းဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ စီမံကိန်းဝင်မြို့နယ် ၁၅ ခုမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက သီးနှံများပျက်စီးဆုံးရှုံးမှုကြောင့် ကျေးလက်အိမ်ထောင်စုများ၏ လူမှုစီးပွားနှင့် စိုက်ပျိုးရေးဆိုင်ရာအခြေအနေများကို သိရှိနိုင်ရန်နှင့် အပူပိုင်းဇုန်တွင် သီးနှံများဆုံးရှုံးမှုအပေါ် အခြေခံ၍ သင့်လျော်မည့်မဟာဗျူဟာများကိုဖော်ထုတ်ရန် ယခုစီမံကိန်းကိုဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် တံတားဦးမြို့နယ် စကားအင်းကျေးရွာ တောင်သူ ဦးဘိုးစိုး၏ ရေဆင်းစပ်မျိုးနေကြာ ၄ ဧကစိုက်ခင်းကို ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများလုပ်ငန်းခွင်ပျော်ရွှင်ရေးနှင့် ရုံးသုံးပစ္စည်းများကောင်းမွန်စေရေးဆွေးနွေးမှာကြားသည်။

(၅၀၀)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚C | / | ၃၁˚C |
| ရန်ကုန် | ၁၈˚C | / | ၃၂˚C |
| မန္တလေး | ၁၈˚C | / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းများဆောင်ရွက်

ပေါင် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်း၊ အာဟာရဆွေးနွေးတိုက်ကျွေးခြင်းတို့ကို ဇန်နဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသခြင်း၊ လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်တာဝန်ရှိသူတို့ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကိုရောင်းချပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအားစောင့်ရှောက်မှုပေးခြင်းကို ဇန်နဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## ကျေးသီးမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ VDP စီမံကိန်းဖြင့် မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကျေးသီး ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ပန်လေ့ရွာမကျေးရွာ၊ နားလောင်းကျေးရွာနှင့် ကုန်းကော်ကျေးရွာတို့၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးသီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပန်လေ့ရွာမကျေးရွာ၊ နားလောင်းကျေးရွာနှင့် ကုန်းကော်ကျေးရွာတို့၌ ကျေးရွာတွင်း မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။


ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာသုံးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် သဲဖြန့်လမ်းများအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းများသည် အရှည်ပေ ၄၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄၄၃ သန်းအကုန်အကျခံကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၁၉၀၊ လူဦးရေ ၈၈၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

## မိုးလေဝသ သတင်း




## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၃-၁-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ဝ၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ဝ၆၇- ၃၄ဝ၄၉၁၁၊ ဝ၆၇- ၃၄ဝ၄၉၂၂၊ ဝ၆၇- ၃၄ဝ၄၉၃၃၊ ဝ၆၇-၃၄ဝ၄၉၄၄၊ ဝ၆၇-၃၄ဝ၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅ဝ၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ဝ၆၇-၄၅၅ဝ၄၈၈၊ ဝ၆၇-၄၅၅ဝ၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅ဝ၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ဝ၇၁- ၂ဝ၃၂ဝ၉၁၊ ဝ၇၁- ၂ဝ၃၂ဝ၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)ဝ၉- ၂၅၅ဝဝ၂၅ဝ၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ဝ၅၉- ၂ဝ၂၄ဝ၃၇၊ ဝ၅၉- ၂ဝ၂၄ဝ၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅ဝ၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ဝ၅၂- ၂၂ဝ၁၉၃၉၊ ဝ၅၂- ၂၂ဝ၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅ဝ၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ဝ၆၃-၂ဝ၂၈၈၇၈၊ ဝ၆၃- ၂ဝ၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅၁ဝ

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ဝ၂- ၄ဝ၂၁၂၄၅၊ ဝ၂- ၄ဝ၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ဝ၉- ၂၅၅ဝဝ၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ဝ၅၇ - ၂ဝ၂၇၉၃၅၊ ဝ၅၇- ၂ဝ၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ဝ၉- ၂၅၅ဝဝ၂၅၁၇၊ ဝ၉- ၂၅၅ဝဝ၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ဝ၁- ၈၃ဝဝဝ၁၆၊ ဝ၁- ၈၃ဝဝဝ၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ဝ၈၁- ၂၁၂၄၅၄ဝ၊ ဝ၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)ဝ၉- ၂၅၅ဝဝ၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ဝ၄၂- ၂ဝ၂၅၉၉၃၊ ဝ၄၂- ၂ဝ၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ဝ၉- ၂၅၅ဝဝ၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


အားကောင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
ISO 9001:2008 Cert. No.683099
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
COPPER 99.99%


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကစားနေသည့်အသင်းတစ်သင်းက ကမ်းလှမ်းလာမည်ဆိုပါက ချက်ချင်းလက်ခံမည်ဖြစ်ကြောင်း ပေါ့ဂ်ဘာပြောကြား



ပဲရစ် ဇန်နဝါရီ ၂၂

ဂျူဗင်တပ်စ်အသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ပေါ့ဂ်ဘာက ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ကစားနေသည့် အသင်းတစ်သင်းက ကမ်းလှမ်းလာမည်ဆိုပါက ချက်ချင်းလက်ခံမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၃၁ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းဟောင်း ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်နေရပြီး ပွဲစဉ်အနည်းငယ်သာကစားခဲ့ရကာ ပြီးခဲ့သည့်ဘောလုံးရာသီက တားမြစ်ဆေးသုံးစွဲသည့်အမှုကြောင့် လေးနှစ်အထိကာလရှည်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသူဖြစ်သည်။

ပေါ့ဂ်ဘာက ကာလရှည်ပွဲပယ်ပြစ်ဒဏ်အတွက် အယူခံဝင်ရောက်ခဲ့ရာ အောင်မြင်မှုရရှိသည့်အတွက် လေးနှစ်ပွဲပယ်မှ ၁၈ လပွဲပယ်ပြောင်းလဲချမှတ်ခံရသောကြောင့် လာမည့်မတ်လတွင် ပြစ်ဒဏ်ပြည့်မြောက်ပြီး ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

ပေါ့ဂ်ဘာသည် မကြာမီဘောလုံးပြန်လည်ကစားနိုင်မည်ဖြစ်သော်လည်း ဂျူဗင်တပ်စ်အသင်းတွင် ဆက်လက်မကစားလိုတော့သည့်အတွက် အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ပေါ့ဂ်ဘာသည် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလပြီးဆုံးရန် နီးကပ်လာသည့်အထိ အသင်းသစ်ရှာဖွေနိုင်ခြင်းမရှိသေးဘဲ ဆော်ဒီ၊ ရုရှားနှင့် အမေရိကန်ကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကိုရရှိခဲ့သော်လည်း ပေါ့ဂ်ဘာကိုယ်တိုင်က ဥရောပတွင်သာကစားလိုသောကြောင့် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာက"လူတိုင်းမှာ ရည်မှန်းချက်ကိုယ်စီရှိကြပါတယ်။ ကျွန်တော်က အသင်းကောင်းတစ်သင်းမှာပဲကစားချင်တဲ့သူပါ။ ကျွန်တော့်ကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိတဲ့အသင်းတစ်သင်းက ကမ်းလှမ်းလာမယ်ဆိုရင် ငြင်းပယ်စရာအကြောင်းမရှိပါဘူး။ ချက်ချင်းလက်ခံသွားမှာပါ။ ကျွန်တော့်ကို တခြားလိဂ်တွေကနေ ကမ်းလှမ်းလာခဲ့တာတွေရှိပါတယ်။ ကျွန်တော့်အတွက် လက်ရှိအချိန်ထိ ကမ်းလှမ်းမှုတွေက စိတ်ဝင်စားစရာကောင်းတာမတွေ့သေးပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ *Ref;Goal*

# ဘိုင်ယန်မြူးနစ်အသင်းက ဘစ်ရှော့ကို ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူ

ဘာလင် ဇန်နဝါရီ ၂၂

ဘိုင်ယန်မြူးနစ်အသင်းက ဟော့ဖန်ဟိန်းအသင်း ကွင်းလယ်ကစားသမား ဘစ်ရှော့ကို ၂၀၂၉ ခုနှစ်အထိ လေးနှစ်စာချုပ်ချုပ်ဆိုကာ အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် ဘစ်ရှော့သည် ဟော့ဖန်ဟိန်းအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစတင်ကာ အသင်းတွင် စတင်ပါဝင်ကစားခဲ့ကာ ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘစ်ရှော့သည် ဟော့ဖန်ဟိန်းအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေပြီး အနာဂတ်တောက်ပလာနိုင်သည့်ကစားသမားတစ်ဦးဖြစ်သည့်အတွက် တခြားထိပ်တန်းကလပ်အသင်းကြီးများ ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ဘစ်ရှော့ကိုယ်တိုင်က ဘိုင်ယန်မြူးနစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘစ်ရှော့သည် ဟော့ဖန်ဟိန်းအသင်းနှင့် ယခုဘောလုံးရာသီဝက်တွင် ပြိုင်ပွဲစုံ ၂၄ ပွဲပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဘာစီလိုနာအသင်းတာဝန်ရှိသူများက မန်ယူအသင်းတိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် စပိန်တင်းလစ္စဘွန်းမြို့၌ ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိ

မန်ချက်စတာ ဇန်နဝါရီ ၂၂

ဘာစီလိုနာအသင်း တာဝန်ရှိသူများက မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ပေါ်တူဂီနိုင်ငံ စပိန်တင်းလစ္စဘွန်းမြို့၌ ရက်ရှ်ဖို့ဒ်နှင့်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

နောက်ပိုင်းဘောလုံးရာသီများတွင် ဂိုးသွင်းအားကျဆင်းနေပြီး ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့် ရက်ရှ်ဖို့ဒ်သည် လက်ရှိမန်ယူအသင်းနည်းပြအမိုရင်လက်အောက်တွင် ပွဲကစားခွင့်မရရှိဘဲဖြစ်နေသည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုနေပြီး မန်ယူအသင်းကလည်း သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

ရက်ရှ်ဖို့ဒ်ကို အစောပိုင်းက ဒေါ့မွန်အသင်းနှင့် အေစီမီလန်အသင်းတို့ကလည်း ခေါ်ယူလိုနေသော်လည်း ၎င်း၏မြင့်မားသည့်လုပ်ခလစာကြောင့် ကမ်းလှမ်းမှုမရှိခဲ့ဘဲ ဘာစီလိုနာအသင်းကခေါ်ယူလိုနေသကဲ့သို့ ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ကစားလိုသောကြောင့် လက်ရှိတွင် စပိန်တင်းလစ္စဘွန်းမြို့၌ ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းနှင့် တွေ့ကြုံနေရသည့်အတွက် အသင်းမှကစားသမားများကိုပင် ကစားသမားစာရင်းမှတ်ပုံတင်ရန်အခက်အခဲများ တွေ့ကြုံခဲ့ရသည့်အတွက် ရက်ရှ်ဖို့ဒ်ကို ခေါ်ယူလိုပါက အသင်းမှကစားသမားတချို့ကို ရောင်းချရမည်ဖြစ်သည်။

လက်ရှိတွင်ဘာစီလိုနာအသင်းက ရက်ရှ်ဖို့ဒ်ကိုခေါ်ယူလျှင် အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့် မငြိစွန်းစေရန် အသင်းမှ ခံစစ်ကစားသမားဂါစီယာကို ကိုမိုအသင်းထံရောင်းချရန် ဆွေးနွေးနေပြီးသဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိနေပြီး နောက်ထပ်တိုက်စစ်ကစားသမားဖာတီကိုလည်း ရောင်းချရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;The Athletic*

# အယ်နာဆာအသင်းနှင့်အတူ တိုက်စစ်မှူး စီရော်နယ်ဒို ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ ပြည့်မြောက်

ရီယက် ဇန်နဝါရီ ၂၂

တိုက်စစ်မှူးစီရော်နယ်ဒိုသည် ဆော်ဒီပရီလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) အဖြစ်ကစားသည့် အယ်ခါလီဂျေအသင်းနှင့် အယ်နာဆာအသင်းတို့ကစားသည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ပြီးနောက် အယ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၁၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

အယ်နာဆာအသင်းက အယ်ခါလီဂျေအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် စီရော်နယ်ဒိုက ပွဲချိန် ၆၅ မိနစ်တွင် ပထမဂိုးသွင်းယူနိုင်ပြီးနောက် ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၁၀၀ ပြည့်မြောက်ခဲ့ကာ ပွဲချိန် ၉၈ မိနစ်တွင် ဒုတိယဂိုးသွင်းယူနိုင်ပြီးနောက် ၁၀၁ ကြိမ်အထိရှိလာခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်အရွယ် စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းပြီးနောက် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အယ်ခါလီဂျေအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၈၁ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု အကြိမ် ၂၀ ပြုလုပ်နိုင်ခဲ့ကာ ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှု ၁၀၁ ကြိမ်ရှိလာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ဂိုး ၅၀ သွင်းယူနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၂ ပွဲကစားပြီးချိန်တွင် ၁၇ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။ *Ref;Fotmob*



## မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြခြင်းဆောင်ရွက်

ဖျာပုံ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ခရိုင်မီးသတ်ဦးစီးဌာနရုံးမှ ခေတ္တခရိုင်မီးသတ်ဦးစီးမှူးနှင့် လေးမြို့နယ်မှ မြို့နယ်မီးသတ်ဦးစီးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းသားများမှ စုဖွဲ့လေ့ကျင့်မှု မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြသခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနရုံးရှေ့၌ပြုလုပ်သည်။

အဆိုပါ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြလေ့ကျင့်ရာသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌဦးတင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနရုံးမှ ခရိုင်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းသားများက စုဖွဲ့လေ့ကျင့်မှုအသက်ကယ်စွမ်းရည်သရုပ်ပြသခြင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း မီးလောင်မှုအား မီးငြိမ်းသတ်ခြင်းနှင့် မီးခိုးအလုံပိတ်ခန်းအတွင်းပိတ်မိနေသောလူနာများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ဆောင်ရွက်ခြင်း စသောမီးဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာများအား လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။ ထိုသို့ ခရိုင်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းသားများအား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ချီးမြှင့်ငွေများပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ခရိုင်မီးသတ်ဦးစီးမှူးက လက်ခံရယူသည်။ ထို့နောက် မီးဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားရှိမှုအခြေအနေများအား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

နေကိုထိုက်

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## ဇန်နဝါရီလ ၂၄ ရက်တွင်ကျင်းပမည့် ONE–170 ပြိုင်ပွဲ၌ မြန်မာဖိုက်တာ စိုးလင်းဦး၊ သန့်ဇင်တို့ တွဲဆိုင်းများပါဝင်မည်




ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီလ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် ONE–170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် စိုးလင်းဦးနှင့်သန့်ဇင်တို့ တွဲဆိုင်းပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲပါဝင်မည်ဖြစ်ပြီး မြန်မာဖိုက်တာများဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်သည် ထိုင်းဖိုက်တာများနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ စိုးလင်းဦးနှင့်သန့်ဇင်သည်နောက်ဆုံး ထိုးသတ်သည့်ပွဲများတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင်ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ စိုးလင်းဦးသည် နာမည်ကြီးထိုင်းဖိုက်တာ ဆက်ဆန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး လူငယ်ဖိုက်တာ သန့်ဇင်မှာမူ ဝါရင့်ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ONE–170 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် ထိုင်းဖိုက်တာ တာဝမ်ချိုင်းနှင့် ထိုင်းဖိုက်တာ ဆူပါဘွန်း၊ Co–Main Event များအဖြစ် ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဘရာဇီးဖိုက်တာ ဖာဘယီစီယိုနှင့် တောင်ကိုရီးယားဖိုက်တာ ကွမ်ဝန်အီ၊ အင်တာရမ်ဘင်တန်ဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် စကော့တလန်ဖိုက်တာ နီကိုနှင့် ထိုင်းဖိုက်တာ နာဘေးလ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားစိန်ခေါ် ပွဲများအဖြစ် ထိုင်းဖိုက်တာ ဆက်ဆန်နှင့် မြန်မာဖိုက်တာ စိုးလင်းဦး၊ ထိုင်းဖိုက်တာ နာတာဝပ်နှင့် ပြင်သစ်ဖိုက်တာ ကူယာတေး၊ ထိုင်းဖိုက်တာ ဆင်ဆာမွတ်နှင့် စပိန်ဖိုက်တာ တော်ဂျူလို၊ အမေရိကန်–မလေးရှားဖိုက်တာ ဂါဇာလီနှင့် လစ်သူယေးနီးယားဖိုက်တာ ဂျူဟာန်၊ ဆွစ်ဇာလန်ဖိုက်တာ အာဘီဗီနှင့် ကာဇက်စတန်ဖိုက်တာ မာမီဒွေဗ်၊ ဘရာဇီးဖိုက်တာ မာဆယ်လိုနှင့် ဂျပန်ဖိုက်တာ မာဆာကာဇူ၊ အီရတ်ဖိုက်တာ ရှာကီနှင့် ဂျပန်ဖိုက်တာ နိုအီရီ၊ ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် မြန်မာဖိုက်တာ သန့်ဇင်၊ ဗြိတိန်ဖိုက်တာဟက်ဂါတေးနှင့်လစ်သူယေးနီးယားဖိုက်တာ ဂျော်ဒန်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သတင်း–ညီမြတ်သော်တာ

ဓာတ်ပုံ–ONE Championship

## အာဆီယံကလပ်ပြိုင်ပွဲတွင် ထိုင်းကလပ်ကို ရှမ်းယူနိုက်တက်အသင်း အရေးနိမ့်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၂၄–၂၀၂၅ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်(၄)အဖြစ် မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းတို့ ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ BG ပါသွန်ယူနိုက်တက်အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် မိနစ် ၆၀ ကျော်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သည့်အပြင် ပထမပိုင်းတွင် အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပေးလိုက်ရပြီးနောက်ပိုင်း ဂိုးများဆက်တိုက်ပေးလိုက်ရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် ပြည်တွင်းအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး BG ပါသွန်ယူနိုက်တက်အသင်းကလည်း ထိုင်းနာမည်ကြီးကွင်းလယ်တိုက်စစ်ကစားသမား ချာနာသစ်ဆောင်ခရာဆင်အပါအဝင် စင်ကာပူလက်ရွေးစင်ဖန်ဒီအာမက်ညီအစ်ကိုနှစ်ဦး၊ နိုင်ငံခြားသားကစားသမားများဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ရင်တာရိုက ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူသော်လည်း VAR ကြည့်ပြီး ပြန်လည်ပယ်ဖျက်ခံရသည်။ သို့သော် မိနစ် ၃၀ တွင် ဘာကာယိုကိုက အဝေးကန်ချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် VAR ပြန်ကြည့်ပြီး BG ပါသွန်ယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရရှိကာ အယ်လ်ဗာရက်ဇ်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် BG ပါသွန်ယူနိုက်တက်အသင်းက ပွဲကိုစိုးမိုးသွားပြီး ၇၉ မိနစ်တွင် ရာနီရယ်လ်၊ ၉၀+၉ မိနစ်နှင့် ၉၀+၁၃ မိနစ်တွင် ဆူဆန်တို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။

ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းက လေးပွဲကစား ရှစ်မှတ်ရထားပြီး မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစားအမှတ်မရသေးပေ။

ရဲရင့်လွင်

◆ **ပွင့်ဖြူမြို့နယ်မှ**

စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၅၆၀၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

“ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲဧက နှစ်သောင်းကျော် စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ အခုဆိုရင် ဧက ငါးသောင်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့နဲ့ အထွက်နှုန်းကောင်းမွန်အောင် တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကုလားပဲက ဈေးကွက်ရှိတာကြောင့် တောင်သူတွေက နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးကြပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝသွင်းအားစုများ ကိုယ်တိုင်ထုတ်လုပ် သုံးစွဲတတ်စေရေး၊ သီးနှံအထွက်နှုန်းများ တိုးတက်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကုလားပဲအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သဖြင့် ရာသီအလိုက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပဈေးကွက်ရှိသည့် ပဲမျိုးစုံကို ပြည်တွင်း၌ စိုက်ဧကများတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲကို ပိုမိုစိုက်ပျိုးနိုင်သဖြင့် ဒေသခံတောင်သူများနှင့် သီးနှံမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၇ ဒသမ ၃၄၅၀ တန်၊ သစ်မာ ၁၀ ဒသမ ၃၉၄၄ တန်၊ အခြား ၂၂ ဒသမ ၄၈၂၀ တန်၊ စုစုပေါင်း ၅၀ ဒသမ ၂၂၁၄ တန်၊ ယာဉ်/ယန္တရားငါးစီး၊ တရားခံ ၂၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှသိရသည်။ (သတင်းစဉ်)

➤ **ကျောဖုံးမှအဆက်**

KKY အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး–သုံးဂိုး၊ Black Cross အသင်းက Maryar အသင်းကို ငါးဂိုး–တစ်ဂိုး၊ YCDC Marga Youth အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး–နှစ်ဂိုး၊ JZ Yangon အသင်းက Pacific Sun Far အသင်းကို လေးဂိုး–သုံးဂိုး၊ TG United အသင်းက Gold Dream အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၆) အပြီးတွင် TG United အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး 7 Dragon အသင်းက ၁၃ မှတ်၊ JZ Yangon အသင်းက ၁၂ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၀ မှတ်စီ၊ KKY အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ YCDC Marga Youth အသင်း၊ Gold Dream အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ Maryar အသင်းက ငါးမှတ်၊ 7 Brother အသင်းက သုံးမှတ်ရရှိထားသည်။

သတင်း–ရဲရင့်လွင်

ဓာတ်ပုံ–MFF




**ပျောက်ဆုံးကြောင်း**

ကိုကိုသက်(ဘ)ဦးမြသောင်း ၇/သကန(နိုင်)၀၉၄၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဇော်မျိုးကျော်(ဘ)ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၁၉၃၈၂၁ ၏ သင်္ဘောသားစာအုပ်အမှတ်(129087)နှင့် Passport အမှတ်(MF 187464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၉၃၀၀၆၉

**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ (ဘ)ဦးဝေလင်း၏ သမီး ၁၂/ဗတထ(နိုင်)၀၄၄၂၄၄ ကိုင်ဆောင်သူ မအေးအေးထက်(ခ)မအေးလင်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအေးအေးထက်(ခ)မအေးလင်းထက်**

**ပျောက်ဆုံးကြောင်း**

မအိအိစံ(ဘ)ဦးကျော်နိုင် ၉/တသန(နိုင်)၂၁၇၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကြည်ဖြူဘုန်းဝေ(ဘ)ဦးဘုန်းမြင့် ၁၂/ဒဂမ(နိုင်)၀၄၃၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 053670)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

စပိုင်စည်သူအောင်(ဘ)မန်းအောင်မြင့် ၁၄/မမန(နိုင်)၁၉၀၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၂၄၁၇၁၉

**ပျောက်ဆုံးကြောင်း**

ဖြူဖြူမိုး(ဘ)ဦးစိုးဟန် ၅/ကမန(နိုင်)၀၄၄၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 871715)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

စိုးလွင်ဦး(ဘ)ဦးသန်းစိန် ၁၂/လသန(နိုင်)၀၀၀၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 871714)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဇော်မင်းထက်(ဘ)ဦးဇော်ဝင်း ၁၀/မလမ(နိုင်)၂၅၈၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 897994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၃၆၈၂၆၆

**ပျောက်ဆုံးကြောင်း**

အိအိဖြိုး(ဘ)ဦးဇော်ဝင်း ၁၀/မလမ(နိုင်)၂၅၇၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 866969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၇၅၁၇၀၉

**ပျောက်ဆုံးကြောင်း**

လှိုင်မိုးကျော်(ဘ)ဦးဆန်းလွင် ၉/မထလ(နိုင်)၃၇၃၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 580668)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**

မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ သံတံတားမူလွန်ကျောင်း(Grade-4)မှ မဇွန်ပန်းအိမ်၏ဖခင် ဦးမျိုးဝင်းလှိုင်၏အမည်မှန်မှာ ဦးမျိုးဝင်းနိုင် ၁၂/မဘန(နိုင်)၁၁၈၂၄၁ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်းနိုင်**

**ပျောက်ဆုံးကြောင်း**

စိုင်းစံမိန်း(ဘ)ဦးစိုင်းလှဟန် ၁၃/သပန(နိုင်)၀၉၆၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၈၁၆၇၂၈

**အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က-တနင်္သာရီကျောင်း Grade-11 မှ ဦးအေးမင်းကို+ဒေါ်စန်းအေးတို့၏သမီး ၆/တသရ(နိုင်)၀၉၈၁၈၈ ကိုင်ဆောင်သူ၏အမည်မှာ မသင်းရနံ့ဦးဖြစ်ပါကြောင်း။ **မသင်းရနံ့ဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးဝင်းကိုကို၏သား မောင်နေလင်းဦးနှင့် မောင်ထက်ဝေအောင် ၉/ပသက(နိုင်)၂၀၇၅၀၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်နေလင်းဦး(ခ)မောင်ထက်ဝေအောင်**

**ပျောက်ဆုံးကြောင်း**

မောင်စိုးမင်းသူ(ဘ)ဦးသိန်းရွှေ ၉/လဝန(နိုင်)၁၈၂၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၁၂၉၅၀၈

**အမည်ပြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်နေ အဘ ဦးအေးလွင် ၁၂/သခန(နိုင်)၀၇၅၆၆၉ ၏ သမီး ရင်သွေးပျိုးခင်းကိုယ်ပိုင်အလယ်တန်းကျောင်း Grade-2(သင်ဆဲ)ကျောင်းဝင်အမှတ် ၀၃၁၄ မဇွန်ပွင့်ဖြူအား မအမရာရွှေရည်ဖူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအမရာရွှေရည်ဖူး**

**ပျောက်ဆုံးကြောင်း**

ဝိလာသ(ဘ)ဦးစိုးကြည် ၁၂/ဥကတ(သ)၀၀၁၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 732116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၅၇၈၇၀၄

**ပျောက်ဆုံးကြောင်း**

မွေးမိုမို(ဘ)ဦးသောင်းဌေး ၁၂/တတန(နိုင်)၁၈၇၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 285246)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၁၃၁၈၅၉

**ပျောက်ဆုံးကြောင်း**

ဇော်နိုင်ဦး(ဘ)ဦးလှမောင်စော ၁၁/စတန(နိုင်)၀၆၃၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၇၀၇၀၇၀

**ပျောက်ဆုံးကြောင်း**

မစန္ဒီချစ်နု(ဘ)ဦးခင်မောင်ထွန်း ၁၂/ဒဂတ(နိုင်)၀၇၃၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 450936)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၅၁၆၉၁၈

**ပျောက်ဆုံးကြောင်း**

မင်းမင်းထွန်း(ဘ)ဦးသိန်းထွန်း ၁၂/ကတန(နိုင်)၀၈၃၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 500146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၂၇၆၃၂

**ပျောက်ဆုံးကြောင်း**

သွယ်သွယ်ခိုင်(ဘ)ဦးကျော်တင့် ၉/တသန(နိုင်)၁၈၆၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 851882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၀၇၁၇၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ သာကေတမြို့နယ်၊ ရောဝဏ်လမ်း၊ သန်လျင်မြို့နယ်၊ မြို့ပတ်လမ်းမပေါ်ရှိ CNG ဆိုင်များအား(ပစ္စည်း-လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၂-၁-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၅-၂-၂၀၂၅)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရင်ဇင်းကျေးရွာနေ မောင်ဝေယံစိုး(ဘ)ဦးဝင်းလှိုင် ၉/သစန(နိုင်)၂၂၅၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 441406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၁၁၅၅၁၇၁

**မိဘအမည်မှန်**

ဘီးလင်းမြို့၊ အ.လ.က(ခွဲ)ညောင်ပလ္လင်ကျောင်း၊ Grade-3 မှ မစိုးသဇင်ဝင်း၏မိဘအမည်မှန်မှာ ဦးချမ်းလင်းဇော် ၁၀/သထန(နိုင်)၂၄၃၂၇၀ နှင့် ဒေါ်ဝင်းဝင်းသန်း ၁၀/ဘလန(နိုင်)၁၆၁၃၈၁ ဖြစ်ပါကြောင်း။

**ဦးချမ်းလင်းဇော်-ဒေါ်ဝင်းဝင်းသန်း**

**ပျောက်ဆုံးကြောင်း**

တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ (၅)လွှာ၊ အမှတ်(၂၁)နေ ဦးဝင်းလှိုင်(ဘ)ဦးမောင်ဟုန် ၁၂/တမန(နိုင်)၀၁၆၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ရွာနေ မဝင်းလဲ့ရွှေစင်(ဘ)ဦးကျော်မျိုးဝင်း ၅/ဟမလ(နိုင်)၁၇၂၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 559975)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၀၅၄၆၉၄

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ဘောလီသံပေါင်များဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ၁၀၀ ပေ ဘောလီသံပေါင် (၂)စင်း

(ခ) ၅၀ ပေ ဘောလီသံပေါင် (၁)စင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁-၂၀၂၅ ရက်နေ့တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၃၀-၁-၂၀၂၅ ရက်နေ့၊ ညနေ ၁၆၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့် လိပ်စာနှင့်တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇၃၄၀၉၄၀၀၊ ၀၆၇၃၄၀၉၁၈၆ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm) တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် မန္တလေးနေ့စဉ်သတင်းစာများ၊ ပုံနှိပ်ထုတ်ဝေနိုင်ရန် ရောင်စုံပတ်လည်ပုံနှိပ်စက်ငှားရမ်းခြင်းနှင့် မန္တလေးနေ့စဉ်သတင်းစာ ရောင်စုံပုံနှိပ်လုပ်ငန်းအပ်နှံခြင်းတို့ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် | - ၂၇-၁-၂၀၂၅ ရက်၊ တနင်္လာနေ့ |
| (ခ) | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား |
| (ဂ) | တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - ၁၇-၂-၂၀၂၅ ရက်၊ တနင်္လာနေ့ ညနေ(၄:၃၀)နာရီ |
| (ဃ) | တင်ဒါတင်သွင်းရမည့်နေရာ | - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား |
| (င) | တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် | - ၂၀-၂-၂၀၂၅ ရက်၊ ကြာသပတေးနေ့ နံနက်(၉:၃၀)နာရီ |
| (စ) | တင်ဒါရွေးချယ်မည့်နေရာ | - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ |
| (ဆ) | တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း | - ၁၀၀၀၀/-ကျပ် |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၉-၇၉၇၅၇၅၂၇၄၊ ၀၂-၂၈၄၇၃၉၈ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ သီလရှင်ကျောင်းလမ်း အမှတ်(၇၉)နေ ဦးအောင်ဘုန်းမိုရ်(ဘ)ဦးမောင်မောင်ဇော်ထွန်း၁၀/မလမ(နိုင်)၃၂၃၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 397196)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၀၄၈၇၈

**ပျောက်ဆုံးကြောင်း**

လက်ပံတန်းမြို့၊ စိန်တုံးအုပ်စု၊ စိန်တုံးအလယ်စုရွာနေ မောင်ဇင်ပိုင်စိုး(ဘ)ဦးလှဌေး ၇/လပတ(နိုင်)၁၆၄၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်ကန်သာယာ(၃)လမ်းနေ နန့်အေးအေးသင်း(ဘ)ဦးစိုးမင်း၁၄/ပသန(နိုင်)၂၅၇၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက် ကန်သာယာ(၃)လမ်းနေ နန့်ငြိမ်းငြိမ်းဌေး(ဘ)ဦးစိုးမင်း ၁၄/ပသန(နိုင်)၂၅၇၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 358586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ သီလရှင်ကျောင်းလမ်း၊ အမှတ်(၇၉)နေ ဦးအောင်ဘုန်းမိုရ်(ဘ)ဦးမောင်မောင်ဇော်ထွန်း ၁၀/မလမ(နိုင်)၃၂၃၆၅၀ ၏ ရေကြောင်းဦးစီးဌာနမှထုတ်ပေးထားသည့် သင်္ဘောသားမှတ်ပုံတင်နှင့်မှတ်တမ်းစာအုပ်(THE SEAFARERS IDENTICATION AND RECORD BOOK IS GRANTED) စာအုပ်အမှတ်(96113)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၀၄၈၇၈

**ပျောက်ဆုံးကြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ သီလရှင်ကျောင်းလမ်း၊ အမှတ်(၇၉)နေ ဦးအောင်ဘုန်းမိုရ်(ဘ)ဦးမောင်မောင်ဇော်ထွန်း ၁၀/မလမ(နိုင်)၃၂၃၆၅၀ ၏ ရေကြောင်းဦးစီးဌာနမှ ထုတ်ပေးထားသည့် သင်္ဘောသားဆောင်ရွက်မှုမှတ်တမ်းစာအုပ်(ALL IN ONE)(CERTIFICATE OF PROFICIENCY FOR RATING, FOR SAFETY TRAINING)စာအုပ်အမှတ်(ERP-096113)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၀၄၈၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

**❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ . . .**

**❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ် . . .**

**❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

**ဆောင်းပါး**

**စီးပွားဥစ္စာ တိုးတက်သာယာ မိတ္ထီလာ**

စာ - ၁၃ သို့

---

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်**

စာ - ၆ သို့

---

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆)တွင် ထိပ်ဆုံးမှ TG United အသင်း နိုင်ပွဲဆက်




7 Dragon အသင်းနှင့် 7 Brother အသင်းတို့ ယှဉ်ပြိုင်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆) ကို ဇန်နဝါရီလ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဇယားထိပ်ဆုံးမှ TG United အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၆) တွင် 7 Dragon အသင်းက 7 Brother အသင်းကို ၄ဂိုး ၃ဂိုး၊

စာမျက်နှာ ၂၉ ကော်လံ ၁ ➤

---

**ဇန်နဝါရီလ ၂၄ ရက်တွင် ကျင်းပမည့် ONE-170 ပြိုင်ပွဲ၌ မြန်မာဖိုက်တာ စိုးလင်းဦး၊ သန့်ဇင်တို့တွဲဆိုင်းများပါဝင်မည်**

စာ - ၂၉ သို့

---



## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပြီး ဒေသတွင်းဈေးကွက်နှင့် ပြည်ပသို့တင်ပို့နိုင်ရေး အထောက်အကူပြုလျက်ရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ကုလားပဲထွက်ရှိချိန်တွင် ဒေသတွင်းဈေးကွက်နှင့် ပြည်ပသို့ တင်ပို့နိုင်ရေး အထောက်အကူပြုလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ

စာမျက်နှာ ၂၉ ကော်လံ ၁ ◆

---

